# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၂၁) ရက်မြောက်နေ့ မှတ်တမ်း

နေပြည်တော်



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | စက်မှုလယ်ယာစနစ်ဖြင့် တောင်သူဦးကြီးများ အဆင်ပြေချောမွေ့စွာ လယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စက်မှုလယ်ယာဦးစီးဌာနတွင် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ တိုးချဲ့ဖြည့်တင်းရန် အစီအစဉ်အား သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | ကလေးမြို့နယ်၊ ရာဇဂြိုဟ်ဘက်စုံရေလှောင်တမံအား ပြန်လည်ပြုပြင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | တောင်သူဦးကြီးများ စပါး၊ ပဲမျိုးစုံနှင့်နှမ်းစသည့်သီးနှံများကို အရည်အသွေးပြည့်ပြီး အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ အလွယ်တကူဝယ်ယူစိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ထားမှုရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၈ | လေရှီးမြို့နယ်ရှိ မိုပိုင်းလွတ်မြို့၊ ဆွမ္မရာမြို့နှင့်ရန်နွေးကျေးရွာတို့တွင် သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၉ | မွေးမြူရေးလုပ်ငန်းရှင်များ၊ တောင်သူဦးကြီးများအား အသိပညာပေးရန်နှင့် မွေးမြူထားသော ကျွဲ၊ နွား၊ အိမ်မွေးတိရစ္ဆာန်များအား ထိရောက်စွာကုသပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၁၀ | မြန်မာနိုင်ငံ၏ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူဝါဒများချမှတ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်းတို့အပါအဝင် လိုအပ်သော အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |

၁၁ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း ၂၆

၁၂ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရန်နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း ၃၂

၁၃ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၃၃

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

# (၂၁)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၁-၂-၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ **စက်မှုလယ်ယာ စနစ်ဖြင့် တောင်သူဦးကြီးများ အဆင်ပြေ ချောမွေ့စွာ လယ်ယာ လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စက်မှုလယ်ယာဦးစီးဌာနတွင် ခေတ်မီ လယ်ယာသုံးစက်ကိရိယာများ တိုးချဲ့ဖြည့်တင်းရန် အစီအစဉ်အား သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ်၊ ရာဇဂြိုဟ်ဘက်စုံရေလှောင်တမံအား ပြန်လည်ပြုပြင်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **တောင်သူဦးကြီးများ စပါး၊ ပဲမျိုးစုံနှင့် နှမ်း စသည့် သီးနှံများကို အရည်အသွေးပြည့်ဝပြီး အထွက်နှုန်း ကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ အလွယ်တကူဝယ်ယူ စိုက်ပျိုး နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးကျော်ငြေး၊ လေရှီး မဲဆန္ဒနယ်၏ **လေရှီးမြို့နယ်ရှိ မိုဝိုင်းလွတ်မြို့၊ ဆွမ္မရာမြို့နှင့် ရန်ချွေးကျေးရွာတို့တွင် သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **မွေးမြူရေး လုပ်ငန်းရှင်များ၊ တောင်သူဦးကြီးများအား အသိပညာပေးရန်နှင့် မွေးမြူထားသော ကျွဲ၊ နွား၊ အိမ်မွေးတိရစ္ဆာန်များအား ထိရောက်စွာ ကုသပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ၏ ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူဝါဒများ ချမှတ်ခြင်း၊ ဥပဒေ နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ စည်းမျဉ်း စည်းကမ်းများ ဖြေလျှော့ပေးခြင်းတို့အပါအဝင် လိုအပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံ ရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းလွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**
**(၂၁)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။
**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။
**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၉၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၀၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန် ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၃ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၀ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ခွင့် ၈ ရက်၊
(၂) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၃ ရက်၊
(၃) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၃ ရက်၊
(၄) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် ၁ ရက်၊
(၅) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊
(၆) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊
(၇) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊
(၈) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊
(၉) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊
(၁၀) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊
(၁၁) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊
(၁၂) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၃ ရက်၊
(၁၃) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊
(၁၄) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၁ ရက်၊
(၁၅) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း ခွင့် ၁ ရက်၊
(၁၆) တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ခွင့် ၂ ရက်၊
(၁၇) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၁ ရက်၊
(၁၈) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၁ ရက်၊

(၁၉) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၂၀) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့်၃ ရက်၊
(၂၁) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ခွင့် ၃ ရက်နှင့်
(၂၂) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၃ ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**စက်မှုလယ်ယာစနစ်ဖြင့် တောင်သူဦးကြီးများ အဆင်ပြေချောမွေ့စွာလယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စက်မှုလယ်ယာဦးစီးဌာနတွင် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ တိုးချဲ့ဖြည့်တင်းရန် အစီအစဉ်အား သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်

မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဖြစ်ပါတယ်။ ကျွန်မ ဒီနေ့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကျွန်မတို့ တောင်သူလယ်သမားတွေ လယ်ယာထုတ်ကုန်လုပ်ငန်းတွေလုပ်ကိုင်တဲ့နေရာမှာ စက်ကိရိယာတွေကို ယခုထက်ပိုမိုပြီး အဆင်ပြေပြေလွယ်လွယ်ကူကူသုံးစွဲနိုင်ဖို့အတွက် လယ်ယာသုံးစက်ကိရိယာတွေကို ဘယ်လိုတိုးချဲ့ဖြည့်တင်းပေးနိုင်မလဲဆိုတာကို သိရှိလိုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ယခုအခါမှာ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲလုပ်ကိုင်နေတဲ့အချိန်ဖြစ်ပါတယ်။ လယ်ယာကဏ္ဍရဲ့ထုတ်ကုန်တွေအရေအတွက် ပိုပြီးတော့ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးကောင်းတဲ့ ထုတ်ကုန်တွေထုတ်လုပ်နိုင်ရေးနှင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ကိုကာကွယ်ဖို့အတွက် အချိန်မီစိုက်ပျိုးရိတ်သိမ်းနိုင်ရေးတို့ဟာ အလွန်အရေးကြီးလှတာဖြစ်ပါတယ်။ လယ်ယာသုံးစက်ကိရိယာတွေ လုံလုံလောက်လောက်သုံးစွဲနိုင်မှသာ အထက်ပါအချက်တွေကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းခွင်မှာ စတင်ပြီးတော့ ထွန်ယက်တဲ့အချိန်ကစလို့ ရိတ်သိမ်းပြီး ဈေးကွက်ရောက်တဲ့အထိ စက်ကိရိယာတွေလိုအပ်တာဖြစ်ပါတယ်။ ယနေ့အချိန်မှာ လယ်ယာလုပ်ငန်းမှာ လုပ်ကိုင်တဲ့လုပ်သားရှားပါးလာတဲ့အတွက် စက်ကိရိယာပိုမိုသုံးစွဲရတဲ့အကြောင်းအရင်းတစ်ခုဟာလည်း သေသေချာချာဖြစ်ပေါ်လာပါတယ်။ ဒါပေမဲ့ တောင်သူဦးကြီးတွေအနေနဲ့ ကိုယ်ပိုင်ဝယ်ယူသုံးစွဲနိုင်မှုရာခိုင်နှုန်းကတော့ နည်းပါးပါတယ်။ အထူးသဖြင့် ကောက်ကွက်ငယ်တောင်သူတွေအနေနဲ့ စက်မှုလယ်ယာဦးစီးဌာနက စက်တွေကိုလည်း ငှားရပါတယ်။ ပုဂ္ဂလိကပိုင်ရှင်တွေဆီကလည်း စက်တွေကို ငှားရမ်းပြီးတော့ အသုံးပြုကြရတာဖြစ်ပါတယ်။ ပုံမှန်အခြေအနေမှာ ခက်ခဲမှုနည်းပါးပေမဲ့ ရာသီဥတုဖောက်ပြန်ပြီး ရိတ်သိမ်းတဲ့အချိန်မှာ မိုးရွာပြီဆိုလို့ရှိရင်တော့ ကောက်ရိတ်စက်တွေ၊ Combine Herbal တွေ ငှားရမ်းလို့မရတဲ့အတွက် အခက်အခဲတွေကြုံတွေ့ရတာဟာ အခုနှစ်ပိုင်းတွေမှာ နှစ်စဉ်လိုဖြစ်နေပါတယ်။ ဒီအခါမှာ စက်မှုလယ်ယာဦးစီးဌာနကို အားကိုးတဲ့အခါမှာလည်း စက်မှုလယ်ယာဦးစီးဌာနမှာ စက်ကိရိယာအရေအတွက်နည်းပါးတယ်။ ပျက်နေတာတွေလည်း များပါတယ်။ တချို့စက်တွေလည်း ခေတ်မမီတော့တာတွေရှိတဲ့အတွက် အပြည့်အဝအားကိုးလို့မရနိုင်ဘူးဖြစ်ပါတယ်။

ကျွန်မတို့ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းကတော့ အဲဒီ လိုက်ပြီးတော့ ကောက်ရိတ်သိမ်းတဲ့ကုမ္ပဏီတွေနဲ့လည်း ချိတ်ဆက်ပြီးတော့ ဆောင်ရွက်ရပါတယ်။ အဓိက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့က ကောက်စောစပါးတွေဖြစ်တဲ့အတွက် သူတို့ပြီးတဲ့အချိန်မှာ ကျွန်မတို့ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းက ငှားရမ်းသုံးစွဲရတာဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်လို့ အချိန်ကိုက်ရိတ်သိမ်းကြရပြီဆိုရင်တော့ ကျွန်မတို့ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းမှာ တော်တော်ပဲ အခက်အခဲတွေ့ရပါတယ်။ ကျွန်မတို့ ဥပမာအနေနဲ့ တင်ပြချင်တာကတော့ ပြည်မြို့နယ်မှာဆိုလို့ရှိရင်တော့ ထွန်စက်ပေါင်း အစီး ၃၀ နဲ့ ရိတ်သိမ်းခြွေလှေ့စက်ခြောက်စီး၊ ကောက်စိုက်စက်လေးစီး၊ စက်မှုလယ်ယာဦးစီးဌာနမှာရှိပါတယ်။ ဒါဟာ ကျွန်မတို့ တစ်ခရိုင်လုံးအတွက်၊ တစ်မြို့နယ်လုံးအတွက် သုံးရတဲ့နေရာမှာ အခက်အခဲတော်တော်လေးများပါတယ်။ အခုအချိန်မှာတော့ စက်မှုလယ်ယာဦးစီးဌာနကနေတစ်ဆင့်လည်း အရစ်ကျနဲ့ဝယ်ယူနိုင်တဲ့ အခြေအနေတွေကို ဝန်ကြီးဌာနကတော့ စီစဉ်ပေးထားပါတယ်။ တစ်ခါ JICA ရဲ့ Two Step Loan ချေးငွေအနေနဲ့လည်း ဒီစက်ကိရိယာတွေကို

အရစ်ကျပေးစနစ်နဲ့ ဝယ်ယူလို့ရပါတယ်။ သို့သော်လည်းပဲ ဒီအခြေအနေမှာလည်း ကိုယ်ပိုင်တစ်ဦးချင်း ဝယ်ယူရတာတောင်မှ အခက်အခဲတွေလည်း ရှိပါတယ်။ ကျွန်မတို့ပြည်မြို့နယ်မှာ JICA Two Step Loan နဲ့ ယခုအချိန်မှာ ကောက်ရိတ်စက်နှစ်စီးနဲ့ ထွန်စက်ကြီးလေးစီး စုစုပေါင်း လုပ်ငန်းတောင်သူခြောက်ဦးသာ ချေးငွေနဲ့ဝယ်ယူထားရတာဖြစ်ပါတယ်။ အစုအပေါင်းနဲ့ အဖွဲ့နဲ့ ဝယ်ယူဖို့ဆိုတာမှာလည်း ကျွန်မတို့က တောင်သူသုံးဦးက ၁၀ ဦးအထိ စုစည်းပြီး ချေးယူ၊ ဝယ်ယူဖို့ဆိုရင် ကျွန်မတို့တောင်သူတွေဟာ ဒီချေးငွေအဆင့်ဆင့် ဘယ်လိုရရှိအောင်ဆောင်ရွက်မလဲဆိုတဲ့ လုပ်ငန်းစဉ်တွေ သိရှိဖို့လည်း အချိန်ယူရပါဦးမယ်။ စုပေါင်းဆောင်ရွက်ဖို့ ညှိနှိုင်းတတ်ဖို့လည်း အချိန်ယူရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စက်ကိရိယာဝယ်ယူရေးဟာလည်း ဘာပဲပြောပြော နှောင့်နှေးနေတဲ့အခြေအနေဖြစ်ပါတယ်။ ဒီအချိန်မှာ စက်မှုလယ်ယာဦးစီးဌာနကို အားကိုးပြန်တော့လည်း ကျွန်မတို့က စျေးနှုန်းအနေနဲ့လည်း ပုဂ္ဂလိကနဲ့က မကွာပါဘူး။ ရိတ်သိမ်းတဲ့အခါမှာ တစ်ဧကကို ၃၈၀၀၀ လောက် ပေးရပါတယ်။ တကယ်လို့ မိုးရွာလို့ အပင်တွေလဲပြီဆိုလို့ရှိရင်တော့ ၄၀၀၀၀ နဲ့ ၄၀၀၀၀ အထက် ပေးကြရတဲ့အပြင် ဘယ်နှစ်ဧကရိတ်မှာလဲ။ ဧက ၁၀၀ ရိတ်မှာလား။ ကြိုပြီးတော့ ငွေချေပါ။ ဒီလိုမျိုး အာမခံဘယ်သူပေးမှာလဲ။ ဒါမျိုးအချက်တွေနဲ့ ကျွန်မတို့တောင်သူတွေဟာ တော်တော်အခက်အခဲတွေ့ရပါတယ်။ တချို့စက်တွေကလည်း တစ်စီးကိုဧက ၂၀၀။ ဒါ သူတို့ ဧက ၂၀၀ သတ်မှတ်ထားတာပြည့်ပြီဆိုရင် ရိတ်ပေးဖို့ဟာက မရှိတော့တဲ့သဘောမျိုးလည်း ဌာနအနေနဲ့ဖြစ်တဲ့အတွက် တောင်သူတွေမှာ တော်တော်ပဲအခက်အခဲကြုံရတဲ့အတွက် လေးစားရပါတဲ့ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မ မေးမြန်းလိုတာကတော့ (၁) စက်မှုလယ်ယာဦးစီးဌာနမှာ စက်ကိရိယာအရေအတွက်ကို အခုထက် လုံလုံလောက်လောက်ပိုမိုတိုးမြှင့်ဖြည့်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိနှင့် (၂)အချက်ကတော့ စက်ငှားရမ်းခနှုန်းထားတွေကို ဘယ်လိုသတ်မှတ်ထားပါသလဲ။ အဲဒီလိုငှားရမ်းတဲ့အခါမှာ ဘယ်လိုစနစ်နဲ့ ငှားရမ်းပါသလဲဆိုတာကို တောင်သူလယ်သမားဦးကြီးများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့ စက်မှုလယ်ယာစနစ်နဲ့ တောင်သူဦးကြီးများ အဆင်ပြေချောမွေ့စွာလယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်ဖို့ စက်မှုလယ်ယာဦးစီးဌာနမှာ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ တိုးချဲ့ဖြည့်တင်းရန် အစီအစဉ်အား သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့ မေးခွန်းကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဆည်မြောင်းဦးစီးဌာနအနေနဲ့ ပြန်လည်ဖြေကြားပေးပါ့မယ်။ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ မိမိတို့ အစိုးရလက်ထက် ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ထွန်စက်ကြီး အစီး ၆၂၀ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၈၁ စီးနဲ့ ကောက်စိုက်စက် အစီး ၂၀ စီး၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ထွန်စက်ကြီး ၁၇၅ စီး၊ ရိတ်သိမ်းခြွေလှေ့စက် အစီး ၈၀ စီးနဲ့ ကောက်စိုက်စက်ငါးစီး၊ ၂၀၁၇-၂၀၁၈

ခုနှစ်မှာဆိုရင် ထွန်စက်ကြီး ၁၂၀ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၆၅ စီး၊ ကောက်စိုက်စက် ၁၀ စီးတို့ကို နိုင်ငံတော်ရဲ့ စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၁.၄၈၈ ဘီလီယံကျော်နဲ့ လယ်ယာသုံးစက်ကိရိယာ အသစ်တွေကို ဝယ်ယူဖြည့်တင်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒါကြောင့် လက်ရှိမှာ စက်မှုလယ်ယာဦးစီး ဌာနမှာ စက်အင်အားစုစုပေါင်း ထွန်စက်ကြီး အစီးရေ ၂၈၂၀ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၈၁၁ စီးနဲ့ ကောက်စိုက်စက် ၁၇၀ စီးရှိနေပါတယ်။ ဒီစက်အင်အားတွေကိုအသုံးချပြီးတော့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ လယ်ယာကဏ္ဍ စက်အင်အားအသုံးချနိုင်ရေးအတွက်ကို စီမံဆောင်ရွက်တဲ့နေရာမှာ စက်မောင်း ဝန်ထမ်းအင်အား ၂၁၃၇ ဦးနဲ့ တောင်သူလယ်သမားများအတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းဖို့ အတွက် လယ်ယာသုံးစက်ကိရိယာလိုအပ်ချက်ကို ဆန်းစစ်လေ့လာတဲ့အခါမှာ အဓိကအားဖြင့် တောင်သူလယ်သမားတွေအနေနဲ့ အခက်အခဲဖြစ်ပေါ်နေတဲ့ အခြေအနေနှစ်ရပ်ကတော့ မြေယာ ပြုပြင်ခြင်းလုပ်ငန်းနဲ့ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းနှစ်ရပ်ဖြစ်ပါတယ်။ ဒီလုပ်ငန်းလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ဦးတည်ဆောင်ရွက်တဲ့အခါမှာ မိမိတို့အနေနဲ့ ရှိတဲ့ထွန်စက်ကြီး အစီးရေ လက်ရှိအခြေအနေမှာ ၈၆၆၇ စီး၊ လက်တွန်းထွန်စက် ၁၂၃၇၇၂ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၂၉၆၅၃ စီး၊ ရိတ်စက် ၃၆၂၈၁ စီးနဲ့ ခြွေလှေ့စက် ၅၈၇၀ လုံးတို့ကို ထပ်မံဖြည့်တင်းဖို့အတွက် လိုအပ်မှာ ဖြစ်တဲ့အကြောင်း စိစစ်သုံးသပ်ရရှိပါတယ်။ ဒီလိုအပ်ချက်အားလုံးကိုလည်း နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးမယ်ဆိုရင် ကုန်ကျစရိတ်က များစွာမြင့်မားမှာဖြစ်တဲ့အပြင် ကိုင်တွယ်မောင်းနှင်မယ့် စက်မောင်းဝန်ထမ်းအင်အားကိုလည်းပဲ အမြောက်အမြားခန့်ထားရမှာဖြစ်တဲ့အတွက် နိုင်ငံတော် အနေနဲ့ ကျခံရမယ့် ဘဏ္ဍာငွေအမြောက်အမြား အခြေအနေဖြစ်ပေါ်နေကြောင်းကိုလည်း သုံးသပ်ရရှိ ပါတယ်။

အဲဒီအနေအထားကိုကျော်လွှားနိုင်ဖို့အတွက် မိမိတို့ စက်မှုလယ်ယာကူးပြောင်းရေးအကောင် အထည်ဖော်မှုစနစ်နဲ့ ချိတ်ဆက်စီမံနိုင်ဖို့အတွက် တောင်သူလယ်သမားတွေ လိုအပ်တဲ့ လယ်ယာ ဝန်ဆောင်မှုလုပ်ငန်းတွေကို ဒေသအလိုက် လွယ်ကူစွာရရှိနိုင်ဖို့ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပုဂ္ဂလိကကဏ္ဍ လယ်ယာသုံးစက်ကိရိယာဖြန့်ဖြူးရောင်းချတဲ့ကုမ္ပဏီတွေ၊ ပုဂ္ဂလိကဘဏ်များနှင့် တောင်သူလယ်သမားတွေကို ချိတ်ဆက်ပေးတဲ့စနစ်နဲ့ တောင်သူတွေကို လယ်ယာသုံးစက်ကိရိယာ တန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်းကိုသာ ကနဦးပေးသွင်းစေပြီးတော့ ကျန်ငွေများကို သုံးနှစ်အတွင်း ခုနစ်ရစ်၊ အရစ်ကျငွေပေးသွင်းစေခြင်းဖြင့် စက်များသုံးစွဲနိုင်အောင် စီမံဆောင်ရွက်လျက်ရှိပါတယ်။ အငှားလိုက်ဝန်ဆောင်မှုထက် တောင်သူများကိုယ်တိုင် စက်တွေပိုင်ဆိုင်ပြီးတော့ မိမိတို့ရဲ့လုပ်ငန်းခွင် မှာ ရာသီအလိုက် အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ပေးတဲ့ အစီအစဉ် ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် တစ်နှစ်တာကာလအတွင်းမှာ ထွန်စက်ကြီး ၁၃၈၅ စီး၊ ရိတ်သိမ်းခြွေလှေ့ စက် ၅၉ စီးတို့ကို တောင်သူလယ်သမားလက်ဝယ်သို့အရောက် ဖြန့်ဖြူးရောင်းချပေးပြီးတော့ ဒေသ အသီးသီးမှာ လယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ ကြောင်း တင်ပြအပ်ပါတယ်။

တစ်ဖက်မှာလည်း နိုင်ငံတော်ရဲ့ဘတ်ဂျက်အတိုင်းအတာ ကန့်သတ်ချက်များရှိနေတဲ့အတွက် ပြည်ပနိုင်ငံအဖွဲ့အစည်းတွေရဲ့ အပံ့အပိုးနဲ့ စီမံဖြည့်တင်းမှုများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံ EXIM Bank of INDIA ကနေပြီးတော့ ချေးငွေတစ်ရပ် အမေရိကန်ဒေါ်လာ ၄၅.၈၇ သန်းကိုရယူပြီးတော့ ထွန်စက်ကြီးနဲ့ တွဲဖက်ကိရိယာ အစီးရေ ၁၄၀၀ ဖြည့်တင်းနိုင်ရေးအတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေအတွက် အကောင် အထည်ဖော်ဆောင်ရွက်သွားနိုင်ဖို့ အစီအမံများလည်း ချမှတ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ စက်မှု လယ်ယာဦးစီးဌာနအနေနဲ့ တောင်သူတွေ လယ်ယာသုံးစက်ကိရိယာတွေကို စနစ်တကျမောင်းနှင် တတ်ဖို့ ထိန်းသိမ်းပြင်ဆင်တတ်ဖို့အတွက် သင်တန်းတွေလည်းဖွင့်ပေးပါတယ်။ လုပ်ငန်းခွင်အတွင်း လက်တွေ့လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိရာမှာ ယခုချိန်အထိ တောင်သူပေါင်း ၂၀၀၀၀ ခန့်ဟာ မိမိတို့အနေနဲ့ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ တောင်သူတွေဟာ ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုအသင်းတွေရဲ့လက်ဝယ် ထွန်စက်ကြီး ၃၂၀၀၀ စီး၊ လက်တွန်းထွန်စက် အစီးရေ ၄၈၄၅၀၀ ကျော်၊ ရိတ်သိမ်းခြွေလှေ့စက် အစီး ၆၀၀၀ ကျော်ကို ပိုင်ဆိုင်ထားပြီးဖြစ်ပါတယ်။ ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုလုပ်ငန်းတွေကို ဒေသအသီးသီးမှာ တစ်နေ့ထက်တစ်နေ့ တိုးတက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီနေရာမှာ လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြခဲ့သလို ဝန်နဲ့အား မမျှတဲ့အခြေအနေမျိုးလည်း ရှိတယ်ဆိုတာကိုလည်းပဲ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ပုဂ္ဂလိက လယ်ယာ ဝန်ဆောင်မှုအသင်းတွေ တိုးတက်ဆောင်ရွက်နိုင်စေဖို့ နည်းလမ်းမျိုးစုံနဲ့ ကူညီပံ့ပိုးဆောင်ရွက်ပေး လျက်ရှိတဲ့နေရာမှာ အဓိကအခက်အခဲဖြစ်တဲ့ လယ်ယာသုံးစက်ကိရိယာပြင်ဆင်မှုလုပ်ငန်းကိုတော့ မိမိတို့ စက်မှုလယ်ယာစခန်းတွေကနေ တာဝန်ယူဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်တဲ့ ကျွမ်းကျင် စက်မောင်း၊ စက်ပြင်ဝန်ထမ်းများဖြစ်လာအောင် လေ့ကျင့်မွေးထုတ်ပေးရေး၊ အရည်အသွေး ကောင်းမွန်တဲ့ စက်အရန်ပစ္စည်းများ ဒေသတွင်း အလွယ်တကူဝယ်ယူရရှိနိုင်ရေး၊ နိုင်ငံတကာမှာ ဖြစ်ပေါ်တိုးတက်လျက်ရှိတဲ့ ခေတ်မီစက်မှုလယ်ယာနည်းပညာသစ်တွေကို တောင်သူများလက်ဝယ် အရောက် အသိပညာပေး၊ သရုပ်ပြလုပ်ငန်းတွေကိုလည်း ဦးတည်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ထွန်စက်ကြီးတွေ၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးတွေ တိုးချဲ့ဝယ်ယူဖြည့်ဆည်းပေးတဲ့နည်းတူ တောင်သူလယ်သမားများအတွက် အမှန်တကယ်လိုအပ်ချက် ရှိတဲ့ စက်မှုလယ်ယာနည်းပညာရပ်တွေကိုလည်း လက်တွေ့သရုပ်ပြ၊ အသိပညာဖြန့်ဖြူးပေးနိုင်မယ့် လယ်ယာသုံးစက်ကိရိယာအသစ်များကိုလည်း ဦးစားပေးဖြည့်တင်းသွားရေးအတွက်ကို စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ ကျွန်မတို့နိုင်ငံရဲ့ ဒါ စက်ကိရိယာ မလုံလောက်မှုအခြေအနေမှာ ဆက်လက်ပြီးတော့ ဆောင်ရွက်မယ့်အစီအစဉ်တွေကို ရှင်းလင်းဖြေကြား ပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးအများကြီးတင်ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ မေးခွန်းထဲမှာပါရှိလာတဲ့ ဒီစက်ကိရိယာတွေကို ငှားရမ်းတဲ့နေရာမှာ ကျွန်မတို့က ဘယ်လိုစနစ်မျိုးနဲ့ ငှားရမ်းတာပါလဲ။ ပြီးတဲ့ အခါကျတော့ စက်ငှားရမ်းခနှုန်းထားတွေဟာ ဘယ်လိုများသတ်မှတ်ထားပါသလဲ။ ဒါကိုလည်း ကျွန်မတို့ရဲ့တောင်သူဦးကြီးများက တိတိကျကျသိလိုတာဖြစ်ပါတယ်။ ဒါကို ထပ်မံပြီးတော့ ဖြေကြား ပေးဖို့ ကျွန်မ ဒီနေရာကနေ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းကို ပြန်လည်ဖြေကြားပေးပါ့မယ်။ စက်မှုလယ်ယာ ဦးစီးဌာနအနေနဲ့ အငှားဝန်ဆောင်မှုလုပ်ငန်းကို ယခင်ကဆောင်ရွက်ခဲ့သော်လည်းပဲ ယခု အချိန်အခါ မှာ လက်ရှိ စက်မောင်းဝန်ထမ်းအင်အားနှင့် လက်ရှိစက်ကိရိယာအနေအထားအပေါ်မူတည်ပြီးတော့ တောင်သူတွေလိုအပ်ချက်ထက် ရှိတဲ့၊ တောင်းဆိုလာတဲ့အနေအထားအပေါ်မှာ ဒေသအလိုက် ငှားရမ်းခစနစ်ကို ဆောင်ရွက်ရမယ့်မြေပြင်အနေအထားအပေါ်မှာမူတည်ပြီးတော့ ငှားရမ်းခနှုန်းထား အနေနဲ့ တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးဖြည့်ဆည်းပေးတဲ့အခြေအနေရှိပါတယ်။ ဒေသအလိုက် အသေးစိတ်အခြေအနေကိုလည်းပဲ မိမိအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို စာနဲ့ရေးသား ပြီးတော့ ပြန်လည်ဖြေကြားပေးမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကလေးမြို့နယ်၊ ရာဇဂြိုဟ်ဘက်စုံရေလှောင်တမံအား ပြန်လည်ပြုပြင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌမှတစ်ဆင့် ကျွန်မ ဒီနေ့တင်ပြမေးမြန်းလိုတဲ့အချက်ကတော့ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ကလေးမြို့နယ်ရဲ့အကြီးဆုံးနဲ့ တစ်ခုတည်းသော ရာဇဂြိုဟ်ဘက်စုံရေလှောင်တမံမှာ ဒေသခံများနှင့် နိုင်ငံတော်မှမျှော်မှန်းသော လျှပ်စစ်နှင့် လယ်ဧကပေါင်းများစွာ ရေပေးဝေနိုင်ခြင်းမရှိသေးပါသဖြင့် ၎င်းဆည်ကြီးအား မည်သို့မည်ပုံပြန်လည်ပြုပြင်၍ မည်သည့်အချိန်တွင် အကျိုးကျေးဇူးများ စတင်ခံစားရမည့်အစီအမံ များအား သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ကျွန်မရဲ့မေးခွန်းအား ပိုမိုရှင်းလင်းမြင်သာ အောင် Power Point ဖြင့်အသုံးပြုခွင့်ပြုပါရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မရဲ့မဲဆန္ဒနယ်ရဲ့ အကြီးဆုံးနဲ့တစ်ခုတည်းသော ရာဇဂြိုဟ်ဆည်ကြီးကို ၂၀၀၀-၂၀၀၁ ခုနှစ်က စတင်အစပျိုးတည်ဆောက်ခဲ့ပြီးတော့ ၂၀၀၃-၂၀၀၄ ခုနှစ်မှာ မြေပြင် တည်ဆောက်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှာ

စီမံကိန်းမှာပါတဲ့ လျှပ်စစ်ဓာတ်အားအတွက် စက်တပ်ဆင်ခြင်းနှင့် လယ်အတွက်ရေသွယ်မြောင်းများ တည်ဆောက်မှုလုပ်ငန်းများ မပြီးမြောက်သေးသော်လည်း ဖွင့်ပွဲကိုတော့ ကြီးကျယ်စည်ကားစွာဖြင့် အဲဒီအချိန်က နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်။ ဖွင့်ပွဲအပြီး တည်ဆောက်ရေးမှတာဝန်ရှိဝန်ထမ်းများအနေနဲ့ စီမံကိန်းမှာပါတဲ့ မူလလုပ်ငန်းစဉ်များအား ကြိုးစားအကောင်အထည်ဖော်ခဲ့ကြပေမဲ့ မြွေပူရာကင်းမှောက်ဆိုတာလို ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ ကျွန်မမဲဆန္ဒနယ်ရဲ့ သမိုင်းမှာ အဆိုးဝါးဆုံးရေကြီးရေလျှံမှုနှင့် ရင်ဆိုင်ခဲ့ရပါတယ်။ ရေကြီးရေလျှံမှုက ဖြစ်တတ်တဲ့သဘောဖြစ်ပေမဲ့ ကျွန်မတို့နိုင်ငံက နှစ်ပေါင်းများစွာ လျစ်လျူရှုထားတဲ့ သဘာဝဂေဟစနစ်များ ပျက်ယွင်းမှုကြောင့် မိုးရေနဲ့အတူ သဲနုန်းများနဲ့ အရွယ်ပေါင်းစုံသစ်တုံး၊ အမှိုက်သရိုက်များစွာဟာ ဆည်ကြီးအတွင်းမှာ အပြည့်အမောက်ဖြစ်ခဲ့ပါတယ်။ ဆည်အတွင်းဝင်ရောက်ပြီး ရေပိုရေလွှဲအဝမှာပိတ်ဆို့နေတဲ့အမှိုက်သရိုက်များကို ဆည်မြောင်းဝန်ထမ်းများနဲ့ ဒေသခံပြည်သူများရဲ့ သက်စွန့်ကြိုးပမ်းဖယ်ရှားရှင်းလင်းနိုင်ခဲ့မှုကြောင့်သာ ကျွန်မတို့ရဲ့ဆည်ကြီးဟာ အကောင်းပကတိအတိုင်းတည်ရှိနေတာဖြစ်ပါတယ်။ အဲဒီအတွက် ဒေသခံပြည်သူများနဲ့ သက်ဆိုင်ရာဝန်ထမ်းများကို ကျွန်မအနေနှင့် ကျေးဇူးတင်မှတ်တမ်းတင်ပါကြောင်း အခုလိုအခွင့်ရတုန်းမှာ ကျွန်မဂုဏ်ပြုပြောကြားပါရစေရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ဆည်ဟာ ကျပ်သန်းပေါင်း ၆၉၈၂၆.၃၂၈ သန်းနှင့် နိုင်ငံခြားငွေ ဒေါ်လာ ခြောက်သိန်းဖြင့် ၁၁ နှစ်ကြာတည်ဆောက်ခဲ့ရတာနဲ့ထိုက်တန်စွာဖြင့် လျှပ်စစ်ဓာတ်အား လေးမဂ္ဂါဝပ်နှင့် မိုးစပါးအတွက်လယ်မြေဧက ၈၅၀၀ ဧကကို အလုံအလောက်ရေပေးဝေနိုင်မယ်လို့ သိရပါတယ်။ အဲဒီထဲက လယ်ဧက ၃၄၀၀ ဧကကိုတော့ ၂၀၁၇ ခုနှစ် မိုးမှာစတင်ပေးဝေနိုင်ပြီလို့ သိရပါတယ်။ ဒီကိန်းဂဏန်းအချက်အလက်ဟာ သိပ်ကိုအရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်အစိုးရရဲ့မူဝါဒလေးချက်ထဲက တစ်ချက်ဖြစ်တဲ့ လူများစုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့အပေါ်မှာ တိုက်ရိုက်သက်ဆိုင်နေလို့ဖြစ်ပါတယ်။ စီမံကိန်းအတိုင်းသာ အကောင်အထည်ဖော်နိုင်ရင် နိုင်ငံတော်အပေါ်မှာ ကောင်းမွန်တဲ့အကျိုးသက်ရောက်မှုများကို ရရှိစေမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဆည်ကြီးကို တရားဝင်ဖွင့်လှစ်ခဲ့ပြီး နှစ်နှစ်ကြာသည့်တိုင်အောင် လျှပ်စစ်ပိုင်းဆိုင်ရာများတပ်ဆင်ပြီးဖြစ်ပေမဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမယ့် Generators များက တုတ်တုတ်မှမလှုပ်သလို မြေယာလျော်ကြေးများအပြေအကြေပေးလျော်ပြီး တစ်မျှော်တစ်ခေါ်ဖောက်လုပ်ထားတဲ့ ရေသွင်းမြောင်းများထဲမှာလည်း အပြည့်အဝမစီးဆင်းနိုင်သေးပါဘူး။ ဒါ့ထက်ပိုပြီးခက်ခဲစေနိုင်တာက ဆည်နဲ့ပတ်သက်တဲ့ သတင်းအချက်အလက်အမှားများ ပြန့်နှံ့နေမှုဟာ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေနိုင်တာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံဟာ တောင်သူလယ်သမားများကို ဗဟိုပြုပြီးတည်ဆောက်ထားတဲ့နိုင်ငံဖြစ်တာနဲ့အညီ ရေနဲ့ရေသွင်းမြောင်းများဟာ အသက်သွေးကြောများဖြစ်ပြီး လူနေမှုဘဝမြင့်မားရေးအတွက် လျှပ်စစ်မီးရရှိရေးဟာလည်း အခြေခံအကျဆုံးအချက် ဖြစ်ပါတယ်။ အခုလို လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုမယ့် ကျွန်မတို့ရဲ့ဆည်ကြီးဟာ အခုချိန်မှာ မူလရည်ရွယ်ချက်များနဲ့လွဲချော်ပြီးတော့ အများပြည်သူအပန်းဖြေအနားယူတဲ့ ရေကန်ကြီးတစ်ခုလိုဖြစ်နေပါတယ်။ ဆည်မြောင်းစီမံကိန်းများသာမက အခြားအခြေခံအဆောက်အဦများ

တည်ဆောက်ရေးအတွက် စီမံကိန်းများကိုစတင်ရေးဆွဲကြရမှာ ရည်ရွယ်ချက်ကောင်းများဖြင့် ရေးဆွဲခဲ့ပါတယ်။ ဒါပေမဲ့ လူသားများသာဖြစ်ကြတဲ့အတွက် အမှားတွေလည်းရှိနိုင်သလို သဘာဝအခက်အခဲများကြောင့်လည်း မူလရည်ရွယ်ချက်များ မပေါက်ရောက်နိုင်တာတွေလည်းရှိနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ဟာ ရင့်ကျက်တဲ့လူသားများပီပီ သဘာဝကပေးတဲ့ဒုက္ခတွေကိုလည်း အလျှော့ပေးစရာအကြောင်း မရှိပါဘူး။ အတိတ်ကကြုံလာခဲ့တဲ့အခက်အခဲများကို သင်ခန်းစာယူလေ့လာပြီး အနာဂတ်အတွက် တည်ဆောက်ကြရမှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မရဲ့ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီးရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်ရဲ့အကြီးဆုံးနဲ့တစ်ခုတည်းသော ရာဇဂြိုဟ်ဘက်စုံရေလှောင်တမံဟာ နိုင်ငံတော်ကမျှော်မှန်းထားတဲ့ လျှပ်စစ်နှင့်လယ်ဧက ထောင်ပေါင်းများစွာရေပေးဝေနိုင်ခြင်းမရှိသေးတဲ့အတွက် ဆည်ကြီးအား မည်သို့မည်ပုံပြန်လည်ပြုပြင်ပြီး မည်သည့်အချိန်မှာ အကျိုးကျေးဇူးများ စတင်ခံစားရမယ့်အစီအစဉ်များ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားပါ့မယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ရာဇဂြိုဟ်ကျေးရွာအနီး၊ နေရဥ္စရာချောင်းပေါ်မှာ တည်ဆောက်ထားတဲ့ ရာဇဂြိုဟ်ကျေးရွာရေလှောင်တမံဟာ ဆည်ရေသောက်ဧရိယာ ဧက ၈၅၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ဖို့နဲ့ ရေအားလျှပ်စစ် ၄ မဂ္ဂါဝပ်ထုတ်လုပ်ဖို့ ရည်ရွယ်ချက်နဲ့ ၂၀၁၅ ခုနှစ် မတ်လမှာ တည်ဆောက်ခဲ့တဲ့ဆည်ကြီးဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မိုးရာသီမှာ ရေစတင်သိုလှောင်ထားနိုင်ခဲ့တဲ့ ရေလှောင်တမံစီမံကိန်းကြီးဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ပိုင်းမှာဖြစ်ပေါ်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်း(ကိုမန်)ရဲ့အရှိန်နဲ့ ရာဇဂြိုဟ်ရေလှောင်တမံရဲ့ ရေဆင်းဧရိယာဖြစ်တဲ့ ချင်းပြည်နယ် တောင်ပေါ်ဒေသတွေမှာ တစ်ပတ်အတွင်း မိုးရေချိန်လက်မ ၃၀ ခန့်ရွာသွန်းမှုရှိခဲ့ပါတယ်။ အဲဒီလိုအချိန်တိုအတွင်း မိုးရေချိန်လက်မများစွာ ရွာသွန်းတဲ့အလျောက် ရာဇဂြိုဟ်ရေလှောင်တမံအထက်ပိုင်း ရေဆင်းဧရိယာတွေမှာ တောင်ပြိုခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒါကြောင့် နေရဥ္စရာချောင်းနှင့် ၎င်းချောင်းရဲ့ လက်တက် ချောင်းငယ်တွေမှာ ရေစီးနဲ့အတူ သစ်လုံးများ၊ သဲနုန်းများ ပမာဏများပြားစွာ ပါဝင်စီးမျောလာခဲ့ပြီး ရာဇဂြိုဟ်ရေလှောင်တမံအတွင်းကို ဝင်ရောက်ခဲ့မှုအခြေအနေရှိပါတယ်။ တချို့က ရေပိုလွှဲပေါ်ကနေ ရေကျော်စီးဆင်းမှုနှင့်အတူ စီးထွက်ပါရှိသွားသော်ငြားလည်းပဲ တမံရေပြည့်မှတ်ရဲ့အောက်ဘက်မှာ သဲနုန်းတွေဟာ ထုထည်ပမာဏကြီးမားစွာတည်ရှိပြီးတော့ အနည်ထိုင်မှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ထို့အပြင် ၂၀၁၅ ခုနှစ် မိုးရာသီမှာ မြေပြိုမှုတွေဖြစ်ပွားချိန် သဘာဝချောင်းကို မြေစာပုံတွေ ပိတ်ဆို့ခဲ့တဲ့အတွက် တောင်ပေါ်ရေကန်(မြေပြိုကန်)များဖြစ်ပေါ်ခဲ့ပြီးတော့ ၂၀၁၆ ခုနှစ်

ဇူလိုင်လဆန်းမှာ နေရဥ္စရာချောင်းဖျားမှာရှိတဲ့ ဟန်ကင်ရွာအနီး တောင်ပေါ်ရေကန်(မြေပြိုကန်) ကျိုးပေါက်မှုဖြစ်ပေါ်ခဲ့ရာကနေ သဲနုန်းတွေထပ်မံစီးဝင်ခဲ့မှု ကြုံတွေ့ခဲ့ရပါတယ်။ တမံအတွင်းကို သဲနုန်းနဲ့သစ်လုံးတွေ ထပ်မံဝင်ရောက်မှုကနေ ကာကွယ်နိုင်ဖို့အတွက် တမံရဲ့အထက်ဘက် ၃ မိုင်ခွဲခန့် အကွာမှာ နုန်းဖမ်းဆည်တစ်ခု၊ ၁ မိုင်ခွဲခန့်အကွာမှာ သစ်လုံးကာတန်း(Long Boom)တစ်ခုတို့ကို တည်ဆောက်ကာကွယ်ပေးထားရပါတယ်။ ဒါ့အပြင် ရေအားလျှပ်စစ်စက်ရုံနဲ့ ဆက်စပ်လုပ်ငန်းတွေ တည်ဆောက်ပြီးစီးပြီဖြစ်တဲ့အတွက် စက်စမ်းသပ်လည်ပတ်ဖို့ ရေယူအဆောက်အဦရဲ့ရေဝင် လမ်းကြောင်းပွင့်စေဖို့အတွက် သဲနုန်းများနဲ့ သစ်လုံးများကို နည်းစုံလမ်းစုံနဲ့တူးဖော်ဖယ်ရှားရှင်းလင်း ခဲ့ရပါတယ်။ ရေဝင်လမ်းပွင့်သွားပြီးတဲ့နောက် ရေအားလျှပ်စစ်စက်ရုံစမ်းသပ်လည်ပတ်ခြင်းလုပ်ငန်း တွေကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်လို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီး ဌာနအနေနဲ့ ကလေးမြို့ကနေပြီးတော့ ရာဇဂြိုဟ်တမံကို 66 KV Single Circuit Transmission Line တည်ဆောက်သွယ်တန်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ယခု ၂၀၁၈ ခုနှစ် မတ်လ မှာ ပြီးစီးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီ 66 KV ဓာတ်အားလိုင်း တည်ဆောက်ပြီးရင် 11 KV ဓာတ်အားလိုင်းကို ဆက်လက်သွယ်တန်းပြီးတော့ ဆည်အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေကို လျှပ်စစ်မီးပေးဝေနိုင်ဖို့ ဦးစွာစီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆက်လက်ပြီး ကလေးမြို့အထိ လျှပ်စစ်ဓာတ်အားပို့လွှတ် သွားနိုင်ရေး စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ စိုက်ပျိုးရေပေးဝေ ရေးနှင့်ပတ်သက်ပြီး ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ်မှာ စတင် ဆောင်ရွက်ခဲ့ပြီးတဲ့နောက် ၂၀၁၅ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နှစ်စဉ် မိုးစပါး ၂၄၅၀ ဧကခန့်ကို စိုက်ပျိုးရေပေးဝေနိုင်လျက်ရှိပြီး ယခု ၂၀၁၇ ခုနှစ်မှာ မိုးစပါးမှာတော့ ၃၄၀၀ ဧကခန့်အထိ ရေပေးစိုက်ပျိုးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ၂၀၁၈ ခုနှစ် မိုးစပါးရာသီမှာ ရေအားလျှပ်စစ်ထုတ်လုပ်ရင်းနှင့် ထုတ်လွှတ်လိုက်တဲ့ ရေပေါ်တွင်စီးစစ် ပြီး ဆည်ရေသောက်ဧရိယာများအတိုင်း စိုက်ပျိုးရေအပြည့်အဝပေးဝေစိုက်ပျိုးသွားနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တောင်သူဦးကြီးများ စပါး၊ ပဲမျိုးစုံနှင့် နှမ်းစသည့်သီးနှံများကို အရည်အသွေးပြည့်ဝပြီး အထွက်နှုန်း ကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ အလွယ်တကူဝယ်ယူစိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ထားမှုရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ တောင်သူဦးကြီးများရဲ့ လိုအပ်ချက်များစွာထဲကနေပြီးတော့ မျိုးကောင်းမျိုးသန့်များအလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ တောင်သူဦးကြီးများရဲ့ဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် စိုက်ပျိုးရေးကဏ္ဍရဲ့ အဓိကအရင်းအမြစ်တစ်ခုဖြစ်တဲ့ မျိုးကောင်းမျိုးသန့်များ အလွယ်တကူဝယ်ယူရရှိရေးဟာလည်း အရေးကြီးကဏ္ဍတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပိုးမွှားရောဂါဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းမွန်တဲ့ မျိုးကောင်းမျိုးသန့်များကို ဖြန့်ဝေပေးရေးဟာလည်း အရေးကြီးတဲ့အချက်ပဲဖြစ်ပါတယ်။ လက်ရှိအခြေအနေထိတော့ ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာ မျိုးကောင်းမျိုးသန့်များကို ကိုယ်တိုင်ရယူစိုက်ပျိုးနိုင်ခြင်းမရှိတဲ့အပြင် မျိုးကောင်းမျိုးသန့်များ အလွယ်တကူဝယ်ယူရရှိဖို့အတွက်လည်း အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေလျက်ရှိပါတယ်။ လက်ရှိမြေပြင်အခြေအနေမှာတော့ တောင်သူများအနေနဲ့ စိုက်ပျိုးတဲ့ရာသီရောက်ပြီဆိုတာနဲ့ နီးစပ်ရာတောင်သူအချင်းချင်းဆီက မျိုးတွေကိုဝယ်ယူ၍သော်လည်းကောင်း၊ မြို့ပေါ်မှာရှိတဲ့ ပွဲရုံများကနေတစ်ဆင့် မျိုးများကိုဝယ်ယူ၍လည်းကောင်း၊ မိရိုးဖလာမျိုးများကိုဝယ်ယူပြီးတော့ စိုက်ပျိုးနေခဲ့ရပါတယ်။ အဲဒီလိုမိရိုးဖလာမျိုးတွေကို စိုက်ပျိုးလာတာကြာတော့ ရောဂါတွေကျ၊ ပိုးမွှားဒဏ်တွေမခံနိုင်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က သီးနှံတွေက အရည်အသွေးမပြည့်ဝတဲ့သီးနှံတွေထွက်လာတော့ ဈေးနှုန်းမကောင်းဘဲနဲ့ စိုက်ပျိုးတဲ့ကုန်ကျစရိတ်ရဲ့ အမြတ်ရဖို့နေနေသာသာ အရင်းရဖို့ကိုပဲ ကျွန်တော်တို့တောင်သူတွေမှာ မနည်းကြိုးစားနေရတဲ့ အခြေအနေပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပိုးမွှားရောဂါဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်တွေ အလွယ်တကူရရှိဖို့အတွက် ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိနေပါတယ်။ မျိုးကောင်းမျိုးသန့်ဆိုတဲ့နေရာမှာ မျိုးသန့်ခြင်း၊ အစေ့အောင်မြင်ပြည့်ဖြိုးညီညာခြင်း၊ အပင်ပေါက်မှု ၈၀ ရာခိုင်နှုန်းအထက်ရှိခြင်း၊ အပင်ပေါက်စွမ်းအားသန်ခြင်း၊ ပေါင်းမျက်စေ့ကင်းခြင်းနဲ့ ပိုးထိုးလောက်ကိုက်ကင်းခြင်း၊ မျိုးသန့်ကြောင်းအာမခံချက်ပေးနိုင်ခြင်းစတဲ့အချက်တွေနဲ့ကိုက်ညီရမယ်လို့လည်း လေ့လာသိရှိရပါတယ်။

ကျွန်တော်တို့ မကွေးတိုင်းမှာဆိုလို့ရှိရင် စပါးမျိုးအတွက် ပွင့်ဖြူစိုက်ပျိုးရေးခြံကနေပြီးတော့ တစ်တိုင်းလုံးအတွက် ဖြန့်ဝေပေးနေပြီး၊ ဆီထွက်သီးနှံများအတွက်ဆိုလို့ရှိရင် မကွေးစိုက်ပျိုးရေးခြံကနေပြီးတော့ ဖြန့်ဝေပေးလျက်ရှိပါတယ်။ အဲဒီလိုဖြန့်ဝေပေးတဲ့နေရာမှာ လုံလောက်မှုမရှိလို့ တောင်သူတွေက လိုအပ်လာပြီလို့ တင်ပြတောင်းဆိုလာတဲ့အခါမှာ မျိုးသန့်တယ်လို့ထင်ရတဲ့ တောင်သူတွေဆီကနေပြီးတော့ စိုက်ပျိုးရေးကနေတစ်ဆင့် ပြန်လည်ဖြန့်ပေးနေတဲ့ အစီအစဉ်တွေလည်းဆောင်ရွက်နေပါတယ်။ အမှန်တကယ်တော့ အဲဒီလိုဖြန့်ဝေပေးတဲ့မျိုးတွေဟာ မျိုးကောင်းမျိုးသန့်တွေဖြစ်ဖို့လည်း လိုအပ်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးရေးခြံတွေက လုံလောက်အောင်စိုက်ပျိုးထုတ်လုပ်မှု၊ ဖြန့်ဖြူးနိုင်မှုမရှိဘူးဆိုလို့ရှိရင် တောင်သူတွေကိုယ်တိုင် မျိုးကောင်းမျိုးသန့်တွေ ဘယ်လိုရောက်အောင် စိုက်ပျိုးနိုင်တယ်ဆိုတာကို စိုက်ပျိုးရေးပညာရှင်တွေ၊ စိုက်ပျိုးရေးဝန်ထမ်းတွေကနေပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်စည်းရုံးပညာပေးမယ်

ဆိုပါက သင့်တော်လိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ တကယ်တော့ မိရိုးဖလာမျိုးတွေကို တောင်သူအချင်းချင်းလဲလှယ်စိုက်ပျိုးမယ့်အစား မျိုးကောင်းမျိုးသန့်များကို စနစ်တကျစိုက်ပျိုးမည်ဆိုပါက အပင်ပေါက် ၈၀ ရာခိုင်နှုန်းအထက်ရှိလို့ မျိုးစေ့အကုန်အကျသက်သာမယ်၊ အပင်ငယ်စဉ်မှာ ကြီးထွားနှုန်းမြန်လို့မို့လို့ ပေါင်းမြက်တွေပေါ်မှာ စီးမိုးနိုင်မယ်၊ အပင်တွေဟာညီညာပြီးတော့ ပိုးမွှားရောဂါဒဏ်တွေခံနိုင်လို့မို့လို့ အထွက်နှုန်းကောင်းပြီးတော့ ကျွန်တော်တို့ တောင်သူဦးကြီးတွေအတွက် များစွာအကျိုးဖြစ်ထွန်းမှာဘဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မျိုးစေ့နဲ့စပ်လျဉ်းပြီး မျိုးစေ့ဥပဒေကို ၂၀၁၁ ခုနှစ်မှာ ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးတော့ ၂၀၁၅ ခုနှစ်မှာ အဲဒီဥပဒေကို ထပ်မံပြင်ဆင်ခဲ့သော်လည်းပဲ ကျွန်တော်တို့ တောင်သူများရဲ့ လက်တွေ့ဘဝမှာတော့ မျိုးကောင်းမျိုးသန့်များတွေအလွယ်တကူ ဝယ်ယူစိုက်ပျိုးနိုင်ဖို့အတွက် အခက်အခဲများကြုံတွေ့နေရဆဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ တောင်သူဦးကြီးများရဲ့ လိုအပ်ချက်များစွာထဲမှ စပါး၊ ပဲမျိုးစုံ၊ နှမ်းစတဲ့သီးနှံတွေကို အရည်အသွေးပြည့်ဝပြီး အထွက်နှုန်းကောင်းမွန်တဲ့ မျိုးကောင်းမျိုးသန့်များ အလွယ်တကူဝယ်ယူစိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုရှိ/မရှိနဲ့ ရှိပါက မည်သို့စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း ကျေးဇူးရှင်တောင်သူဦးကြီးများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားပေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သီးနှံမျိုးကောင်း၊ မျိုးသန့်မျိုးစေ့တွေကို စတင်ပွားများဆောင်ရွက်တဲ့နေရာမှာ မိမိတို့ဝန်ကြီးဌာနအောက်မှာရှိတဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကရရှိတဲ့ မိဘမျိုးစေ့တွေကို စိုက်ပျိုးရေးဦးစီးဌာနမှာရှိတဲ့ မျိုးသန့်ခြံတွေနေက ဆင့်ပွားမျိုးစေ့နှင့် မျိုးသန့်မျိုးစေ့များပွားများခြင်းကို ဆောင်ရွက်ပါတယ်။ မျိုးသန့်ခြံတွေကနေ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ခြင်းကို စိုက်ပျိုးနိုင်တဲ့ဧကအားလုံးမှာ အပြည့်အဝစိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိပါတယ်။ စီးပွားဖြစ်မျိုးသန့်မျိုးစေ့ပွားများခြင်းကိုတော့ မိမိတို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူတွေ၊ ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီတွေနဲ့ပူးပေါင်းပြီးတော့ နှစ်စဉ်ထုတ်လုပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် တောင်သူတွေရဲ့ မျိုးစေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် လက်ရှိအနေအထားမှာ မျိုးစေ့စိုက်ပျိုးထုတ်လုပ်သူများ အသင်းအဖွဲ့(Seed Grower Association)ကိုလည်းပဲ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်ကတည်းကစတင်ပြီး စိုက်ပျိုးရာသီကစတင်ဖွဲ့စည်းပြီး မျိုးစေ့ထုတ်လုပ်ငန်းစဉ်များနှင့်အညီဆောင်ရွက်လျက်ပြီး သီးနှံ

ပေါ်ချိန်မှာ သင့်လျော်တဲ့မျိုးစေ့ဈေးနှုန်းနှင့် ပြန်လည်ဝယ်ယူစုဆောင်းခြင်း၊ သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အဓိကအားဖြင့် စပါးသီးနှံတွေနဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်စိုက်ခင်းဟာ ယခုလက်ရှိအနေအထားမှာ ဧက ခြောက်သောင်းကျော်ထိ ထားရှိပြီးဖြစ်ပါတယ်။

ယခုကာလမှာ အကျိုးတူစိုက်ပျိုးမှုစနစ် (Contract Farming System)ကို ကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိုဦးတည်ပြီး စပါးသီးနှံစီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်လုပ်မှုကိုလည်းပဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ရာသီဥတုတွေပြောင်းလဲမှုကြောင့် ရေးကြီးနစ်မြုပ်တယ်။ မိုးခေါင်တာတို့ ဖြစ်ပေါ်လာလို့ရှိရင် ဒီလိုသဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့လာတဲ့အလျောက် ပျက်စီးဆုံးရှုံးသွားတဲ့သီးနှံတွေအတွက် တောင်သူတွေဝင်ငွေထိခိုက်မှုကို လျော့နည်းသက်သာစေဖို့အတွက် သီးနှံမျိုးစေ့များ အရန်သိုလှောင်ထားရှိမှုကိုလည်းပဲ မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါတယ်။ စပါးအပါအဝင် အခြားသီးနှံများကို ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး/ပြည်နယ်ရန်ပုံငွေများနဲ့ ဝယ်ယူစုဆောင်း စီစဉ်ထားရှိမှုရှိပါတယ်။

သို့ဖြစ်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ တောင်သူလယ်သမားများလိုအပ်တဲ့ သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့တွေကို နှစ်စဉ်စိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိသလို တောင်သူလယ်သမားများအနေနဲ့လည်းပဲ သက်ဆိုင်ရာမျိုးစေ့ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးတဲ့ မြို့နယ်ဦးစီးမှူးရုံးများ၊ ခြံဦးစီးမှူးရုံးများမှာ ဝယ်ယူရရှိနိုင်ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ဌာနပိုင် မျိုးသန့်ခြံတွေကနေ အရည်အသွေးကောင်းမျိုးသန့်မျိုးစေ့များထုတ်ပြီး တောင်သူတွေကို ဖြန့်ဖြူးပေးတဲ့နေရာမှာ စပါး၊ ပြောင်းကဲ့သို့သော နှံစားသီးနှံများအနေနဲ့ နှစ်စဉ်အထွက်တင်းပေါင်း တစ်သိန်းကျော်ထုတ်လုပ်ပေးလျက်ရှိသော်လည်းပဲ စိုက်ဧက တစ်သိန်းကျော်အတွက်သာ မျိုးလိုအပ်ချက်ကို ဖြန့်ဖြူးပေးနိုင်တဲ့အခြေအနေရှိပါတယ်။ အလားတူအရည်အသွေးကောင်း ပဲမျိုးစုံသီးနှံမျိုးစေ့များအနေနဲ့ နှစ်စဉ်တင်းပေါင်း ၇၀၀၀ ခန့်ထုတ်လုပ်ပေးလျက်ရှိပြီး ဆီထွက်သီးနှံအနေနဲ့ တင်း ၃၀၀၀ ခန့်ထုတ်လုပ်ပေးလျက်ရှိရာမှာ ဧက ၄၇၀၀၀ ကျော်ခန့်အတွက်သာ မျိုးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့အခြေအနေရှိပါတယ်။ ဒါကြောင့်မို့လို့ ဌာနပိုင်ခြံတွေက မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းအပြင် ပုဂ္ဂလိကကဏ္ဍက ပူးပေါင်းပါဝင်လာမှုဖြင့် မျိုးစေ့ထုတ်လုပ်သူများ အစုအဖွဲ့တည်ထောင်ဆောင်ရွက်ခဲ့တဲ့အခါမှာ ယခုနှစ်မှာ စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ တင်းပေါင်းရှစ်သိန်းကျော် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ သို့သော်လည်းပဲ စပါးစိုက်ဧက ရှစ်သိန်းအတွက်သာ မျိုးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့အခြေအနေရှိပါတယ်။ သို့ဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ စိုက်ပျိုးဧရိယာတွေမှာ မျိုးကောင်းမျိုးသန့်များအသုံးပြုနိုင်ဖို့ တောင်သူတွေအနေနဲ့ကလည်းပဲ မိမိတို့ရဲ့ မျိုးကောင်းမျိုးသန့်တွေကို မိမိတို့အစီအစဉ်ဖြင့် ကိုယ်မျိုးကိုယ်ထားပွားများခြင်းစနစ်အတွက် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနည်းအားဖြင့် တောင်သူအချင်းချင်းမျိုးဖလှယ်ပြီး မျိုးကောင်းမျိုးသန့်စိုက်ပျိုးမှု ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားနိုင်ရေးအတွက် ပညာပေးစည်းရုံးဆောင်ရွက်လျက်ရှိကြောင်းကိုလည်းပဲ

တင်ပြအပ်ပါတယ်။ တစ်ဘက်မှာ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေရှိပါတယ်။ ဂျပန် International Cooperation Agency (JICA)နဲ့ပူးပေါင်းဆောင်ရွက်တဲ့ Seed Industrial Development Project နယ်သာလန်နိုင်ငံ မျိုးစေ့ဖွံ့ဖြိုးရေးဆိုင်ရာမျိုးစေ့လုပ်ငန်း၊ ကိုရီးယားနိုင်ငံနဲ့ Korea Seed and Variety Service လုပ်ငန်းတွေကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်း အပေါ် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးခင်ဗျား။ တစ်ဆက် တစ်စပ်တည်းမေးခွန်းမေးမြန်းခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီး ဖြေသွားတဲ့အထဲမှာ မျိုးကောင်းမျိုးသန့်တွေဖြည့်ဆည်းဆောင်ရွက်ပေးနေတယ်ဆိုတာလည်း ကြားသိ ရလို့ဝမ်းသာပါတယ်။ သို့သော်လည်းပဲ ကျွန်တော်စုံစမ်းသိရှိရသလောက်ကတော့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာဆိုရင်လည်း စပါးမျိုးကိုတော့ ပွင့်ဖြူစိုက်ပျိုးရေးခြံကနေပြီးတော့ တတ်နိုင် သလောက်ဖြန့်ဖြူးရောင်းချပေးနေသလို၊ နှမ်းမျိုးကိုကြတော့ ဆီထွက်သီးနှံတွေကိုတော့ မကွေး စိုက်ပျိုးရေးခြံကနေပြီးတော့ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော့်မေးခွန်းမှာပါတဲ့ အတိုင်း ပဲမျိုးစုံကိုတော့ ဘယ်လိုဖြန့်ဖြူးပေးနေသလဲ။ ကျွန်တော်တို့တောင်သူတွေမှာ ပဲမျိုးစုံနဲ့ ပတ်သက်ပြီးတော့ ဥပမာ- မြေပဲမျိုး၊ ကုလားပဲမျိုး၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲ၊ စားတော်ပဲစတဲ့မျိုးတွေကို ကျတော့ မျိုးကောင်းမျိုးသန့်ရဖို့အတွက် ကျွန်တော်တို့မှာအခက်အခဲရှိနေပါတယ်။ ကုလားပဲဆိုလို့ ရှိရင် လက်ရှိတောင်သူတွေအနေနဲ့ ကုလားပဲတွေကျဲတယ်။ အပင်ပွားနှုန်းမရှိဘူး။ ကျဲတဲ့အခါမှာ ရောဂါဒဏ်၊ ပိုးမွှားဒဏ်မခံနိုင်တဲ့မျိုးတွေဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က မျိုးကောင်း မျိုးသန့်တွေ အသစ်လဲဖို့အတွက်လိုအပ်လျက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ပဲမျိုးစုံကို မျိုးကောင်းမျိုးသန့်တွေရရှိဖို့အတွက် ကျွန်တော်တို့တောင်သူတွေအနေနဲ့ ဘယ်လိုဆောင်ရွက်လို့ ရမလဲဆိုတဲ့ဟာကို ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဦးဝင်းဝင်းရဲ့ဆက်စပ်မေးခွန်းနဲ့စပ်လျဉ်းပြီး အဓိကပဲမျိုးစုံ မျိုးကောင်းမျိုးသန့်ရရှိမှုအခြေအနေပေါ်မှာ မေးမြန်းတယ်လို့ မိမိအနေနဲ့သုံးသပ်ရရှိတယ်။ ပဲမျိုးစုံနဲ့ပတ်သက်ပြီးတော့ သူ့ရဲ့ဒေသအလိုက် ဖြစ်ထွန်းအောင်မြင်တဲ့ ပဲမျိုးတွေနဲ့စပ်လျဉ်းပြီးတော့ ပဲမျိုးစုံထုတ်လုပ်တဲ့ မျိုးသန့်ခြံတွေရှိပါတယ်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာဘက်မှာရှိတဲ့ စလုတ်ခြံ၊ နောက်တစ်ခါ ပဲခူးတိုင်းဒေသကြီး မှာရှိတဲ့ခြံတွေရှိပါတယ်။ နောက်အဓိကအားဖြင့်တော့ အားလုံးလုံလောက်အောင် မဖြန့်ဖြူးပေးနိုင်တဲ့ အတွက် တကယ်တမ်းလိုအပ်ချက်ရှိမယ်ဆိုရင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အနီးမှာရှိတဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှာ ဆက်သွယ်ရရှိနိုင်တဲ့အခြေအနေရှိကြောင်း ဦးဝင်းဝင်းရဲ့မေးခွန်း အပေါ်မှာ ပြန်လည်ဖြေကြားပေးပါတယ်။ ကျေးဇူးတင်ပါတယ်။

**လေရှီးမြို့နယ်ရှိ မိုပိုင်းလွတ်မြို့၊ ဆွမ္မရာမြို့နှင့် ရန်ခွေးကျေးရွာတို့တွင် သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးကိုမင်္ဂလာပါ။ ကျွန်တော်ကတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မိုပိုင်းလွတ်မြို့၊ ဆွမ္မရာမြို့နှင့် ရန်ခွေးကျေးရွာတို့မှာ သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိုပိုင်းလွတ်မြို့နှင့် ဆွမ္မရာမြို့က အုပ်ချုပ်ရေးယန္တရားလိုအပ်ချက်အရ မြို့အဖြစ်သတ်မှတ်တည်ဆောက်ပေးထားတာမှန်ပေမဲ့ ဖွံ့ဖြိုးမှုနည်းတဲ့မြို့များ ဖြစ်ပါတယ်။ ဒါကြောင့် စည်ပင်သာယာရေးဌာနမှ ကောက်ခံရရှိတဲ့အခွန်ဝင်ငွေ မရှိတဲ့အခါမှာ မြို့တွင်းသောက်သုံးရေသယ်ယူဖြန့်ဖြူးရေးမှာ များစွာလိုအပ်လျက်ရှိပါတယ်။ မိုပိုင်းလွတ်မြို့နားမှာ ချောင်းတစ်ခုရှိပါတယ်။ သို့သော်လည်း အဲဒီချောင်းဖျားပိုင်းမှာ ကျွဲ၊ နွားများရဲ့ စွန့်ပစ်တဲ့အညစ်အကြေးများကြောင့်ရယ်၊ လင်းနို့ဂူကနေပြီးတော့ ချောင်းဖျားခံပြီးတော့ စီးဆင်းလာတဲ့ရေဖြစ်တဲ့အတွက်ကြောင့် ကျန်းမာရေးနှင့်မညီညွတ်တဲ့ရေဖြစ်နေတာတွေကြောင့် အခြားရေသန့်ရရှိနိုင်တဲ့ချောင်းကနေ သယ်ပေးရမှာဖြစ်ပါတယ်။ ဆွမ္မရာမြို့ကတော့ ပထဝီအနေအထားအရ တောင်ကုန်းပေါ်မှာ တည်ထားတဲ့မြို့ဖြစ်ပါတယ်။ လူဦးရေတိုးတက်လာတာနှင့်အမျှ ယခင်က သယ်ယူသုံးစွဲနေတဲ့ရေပမာဏနဲ့ မလုံလောက်တော့တာကြောင့် အားလုံးအတွက် လုံလုံလောက်လောက်ရရှိနိုင်မယ့်နေရာ၊ ချောင်းမှာသယ်ယူပြီးတော့မှ ဖြန့်ဖြူးပေးရမှာဖြစ်ပါတယ်။ ထို့အတူပဲ ရန်ခွေးကျေးရွာသည်လည်း ရေသယ်ယူရန်ခက်ခဲတဲ့ကုန်းပေါ်မှာတည်ထားတဲ့ရွာဖြစ်ပါတယ်။ လက်တူးတွင်းဖြင့်ကြိုးစားပြီးတော့မှ တူးဖော်အသုံးပြုနေကြပေမဲ့လို့ လူအများအသုံးပြုနိုင်တဲ့ရေပမာဏ မရရှိနိုင်ပါဘူး။ ဒါကြောင့် ရွာနှင့်အနီးဆုံးချောင်းတစ်ခုမှာ မြေတားတမံတည်ဆောက်ပြီးတော့ စက်ဖြင့်စုပ်တင်ပြီးတော့မှ ဖြန့်ဖြူးပေးမှအဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြခဲ့တဲ့သုံးရွာကို၊ သုံးနေရာကို အစောဆုံးဘဏ္ဍာနှစ်မှာ ဆောင်ရွက်ပေးနိုင်ဖို့အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးရဲ့ လေရှီးမြို့နယ်မှာရှိတဲ့ မိုပိုင်းလွတ်မြို့၊ ဆွမ္မရာမြို့နှင့် ရန်ခွေးကျေးရွာတို့မှာ သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားပေးပါမယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမြို့နယ် သဘာဝမြေမျက်နှာသွင်ပြင်အနေအထားအရ တောင်ကုန်း

တောင်တန်းထူထပ်ပေါ်များပြီးတော့ မြေပြန့်လွင်ပြင် နည်းပါးတဲ့ဒေသဖြစ်တဲ့အပြင် သောက်သုံး ရေလည်း ရှားပါးခက်ခဲတဲ့ဒေသလည်းဖြစ်ပါတယ်။ ဒေသတွင်း သောက်သုံးရေရဖို့အတွက် စိမ့်စမ်းရေ သွယ်တဲ့လုပ်ငန်း၊ လက်ယက်တွင်းများတူးဖော်ခြင်းလုပ်ငန်း စတဲ့နည်းလမ်းတွေနဲ့ စီမံဆောင်ရွက်ရ လျက်ရှိပါတယ်။ လေရှီးမြို့နယ်အတွင်းမှာရှိတဲ့ မိုပိုင်းလွတ်မြို့မှာ လူဦးရေ ၁၄၅၀ ဦး ခန့်ရှိပြီးတော့ ဌာနဆိုင်ရာဝန်ထမ်းအများစုနေထိုင်လျက်ရှိပါတယ်။ လက်ရှိမှာ သောက်သုံးရေရရှိရေးအတွက် မြို့တွင်းကနေ ၂ ဖာလုံခန့်ဝေးတဲ့ နန်ခါချောင်းအားလည်းကောင်း၊ လက်တူးတွင်းနှစ်တွင်းအား လည်းကောင်း ရေရယူသုံးစွဲလျက်ရှိကြောင်း သိရပါတယ်။ နွေရာသီမှာ လက်တူးတွင်းများ ရေခမ်းခြောက်ခြင်း၊ နန်ခါချောင်းရေစီးဆင်းမှုနည်းပါးပြီး မြို့တွင်းက အညစ်အကြေးများစီးဝင်၍ သန့်ရှင်းမှုမရှိခြင်းတို့ကြောင့် နှစ်စဉ်သောက်သုံးရေရှားပါး ခက်ခဲမှုဖြစ်ပေါ်လျက်ရှိတဲ့အခြေအနေ ဖြစ်ပါတယ်။ အဲဒါကြောင့် မိုပိုင်းလွတ်မြို့သောက်သုံးရေရရှိဖို့အတွက် ကွင်းဆင်းစိစစ်ခဲ့တဲ့နေရာမှာ မြို့ရဲ့အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာမှာရှိတဲ့ စိမ့်စမ်းရေထွက်ကနေပြီး ရေကို ကွန်ကရစ် ရေစုကန်တည်ဆောက်သိုလှောင်ပြီးတဲ့နောက် ရေပိုက်လိုင်းသွယ်ယူပြီးတော့ ရေပေးဝေနိုင်မည်ဖြစ် ကြောင်း စိစစ်တွေ့ရှိရပါတယ်။

အလားတူပါပဲ ဆွမ္မရာမြို့မှာဆိုရင် လူဦးရေ ၁၆၇၀ ဦးခန့်နေထိုင်လျက်ရှိပါတယ်။ လက်ရှိမှာ မြို့နှင့် ၂ မိုင်ခွဲခန့်ကွာဝေးတဲ့နေရာမှာ စိမ့်စမ်းရေကိုသွယ်ယူပြီး သုံးစွဲလျက်ရှိပါတယ်။ နွေရာသီမှာ တော့ သောက်သုံးရေရှားပါးလျက်ရှိတဲ့အခြေအနေဖြစ်ပါတယ်။ ဆွမ္မရာမြို့သောက်သုံးရေ ရရှိဖို့ ကွင်းဆင်းစိစစ်ချက်အရ မြို့ရဲ့အရှေ့မြောက်ဘက် ၅ မိုင်ခန့်အကွာမှာရှိတဲ့ ရေထွက်ကနေရေကို ကွန်ကရစ်ရေစုကန် တည်ဆောက်သိုလှောင်ပြီးတော့ ရေပိုက်လိုင်းသွယ်တန်းပြီး ရေပေးဝေရမှာ ဖြစ်ပါ တယ်။ သို့ဖြစ်တဲ့အတွက် မိုပိုင်းလွတ်မြို့နှင့် ဆွမ္မရာမြို့သောက်သုံးရေရရှိရေးအတွက် တင်ပြခဲ့တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ လေရှီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေနဲ့ လိုအပ်တဲ့ရန်ပုံငွေကို ၂၀၁၈-၂၀၁၉(အောက်တိုဘာ-စက်တင်ဘာ) ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံနိုင်ရေးကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်လည်း ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာမူတည်ပြီး လုပ်ငန်းများကို ဆောင်ရွက်ပေး သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ရန်နွေးကျေးရွာ သောက်သုံးရေ ရရှိရေးကိစ္စနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြပါမယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့ပူးပေါင်းပြီး ကွင်းဆင်း စိစစ်ချက်အရ ရန်နွေးကျေးရွာ ဟာဆိုရင် လေရှီးမြို့ရဲ့အရှေ့ဘက် ၂၉ မိုင်ခန့်အကွာမှာတည်ရှိပြီးတော့ လူဦးရေ ၇၅၀ ခန့်နေထိုင် လျက်ရှိပါတယ်။ လက်ရှိမှာ လက်တူးတွင်းတွေက ရေရယူသုံးစွဲလျက်ရှိသော်လည်းပဲ နွေရာသီမှာ ရေခမ်းခြောက်ပြီး သောက်သုံးရေရှားပါးခက်ခဲလျက်ရှိတဲ့ဒေသဖြစ်ပါတယ်။

ရန်နွေးကျေးရွာသောက်သုံးရေရရှိဖို့အတွက် ကျေးရွာရဲ့အနောက်တောင်ဘက် ၁ မိုင်ခွဲခန့် အကွာမှာရှိတဲ့ ရှားရီးချောင်းပေါ်မှာ အလျား ၈၀ ပေ၊ အမြင့် ၈ ပေရှိတဲ့ သံကူကွန်ကရစ် အားဖြည့်

ကျောက်စီတမံနှင့်ရေစင်များတည်ဆောက်၊ ရေသိုလှောင်ပြီးတော့ ပိုက်လိုင်းများသွယ်တန်းပြီး ရေပေးဝေရမှာဖြစ်ပါတယ်။ သံကူကွန်ကရစ်အားဖြည့်ကျောက်စီတမံကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်မှာဖြစ်ပြီးတော့ ရေစင်တွေတည်ဆောက်တာ၊ ရေပိုက်လိုင်းသွယ်တန်းတာနှင့် အုတ်ရေကန်များ တည်ဆောက်ခြင်းလုပ်ငန်းကိုတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စုစုပေါင်းလိုအပ်ရန်ပုံငွေကို တွက်ချက်ပြီး ယခု ၂၀၁၈-၂၀၁၉(အောက်တိုဘာ-စက်တင်ဘာ) ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့လည်း ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာမူတည်ပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မွေးမြူရေးလုပ်ငန်းရှင်များ၊ တောင်သူဦးကြီးများအား အသိပညာပေးရန်နှင့် မွေးမြူထားသော ကျွဲ၊ နွား၊ အိမ်မွေးတိရစ္ဆာန်များအား ထိရောက်စွာကုသပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျေးလက်နေ ၇၀ ရာခိုင်နှုန်းသော တောင်သူဦးကြီးများက စိုက်ပျိုးရေးကိုအဓိကထား အသက်မွေးဝမ်းကျောင်းပြုနေရပါတယ်။ လက်ရှိ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆဲကာလဖြစ်သော်လည်း အများစုမှာ လက်မှုလယ်ယာအဆင့်သာ ရှိပါသေးတယ်။ တောင်သူဦးကြီးများအတွက် စိုက်ပျိုးထွန်ယက်ရာတွင် ကျွဲ/နွားများကို မရှိမဖြစ် အားကိုးအားထားပြုပြီး စိုက်ပျိုးထွန်ယက်နေရပါတယ်။ လုပ်ငန်းခွင်တွင် အသုံးပြုနေတဲ့ ခိုင်းကျွဲ၊ ခိုင်းနွားများ ချေးဝမ်းရောဂါ၊ ခွာနာလျှာနာလိုက်လျှင် နေမကောင်းဖြစ်လျှင် ကျေးဇူးရှင်တောင်သူဦးကြီးများဟာ မိမိတို့ဘာသာ မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ကုသနေကြရပါတယ်။ အဲဒီလိုကုသတဲ့နေရာမှာ ငရုပ်ခြယ်အိုး တိုက်တာတို့၊ ထန်းလျက်နဲ့ ဇာတိပ္ဖိုလ်သီး သွေးပြီးတော့တိုက်တာတို့၊ ဂျင်းနဲ့ငရုပ်သီးသွေးပြီးတော့ မျက်စင်းခတ်တာတို့ ကုသနေရပါတယ်။ ခေတ်မီဆေးဝါးကုသနည်းများ အများစုအသုံးမပြုကြပါဘူး။ တကယ်လို့ နွားတစ်ကောင်ဆုံးရှုံးသွားမယ်ဆိုလို့ရှိရင် အနည်းဆုံးငါးသိန်းကနေပြီးတော့ ၁၅ သိန်း ဝန်းကျင်အထိရှိပါတယ်။ ခိုင်းနွားများရဲ့တစ်ကောင်တန်ဖိုးဟာ အင်မတန်မှ များပြားနေတာကိုတွေ့ရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သောတောင်သူများမှာ မိုးလေဝသနှင့် ရာသီဥတုမမှန်ခြင်း၊ သီးနှံဈေးနှုန်းများကျဆင်း၍ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရန် တစ်ပိုင်တစ်နိုင်

မွေးမြူရေးလုပ်ငန်းများ ပြုလုပ်နေကြတာကိုလည်း တွေ့ရှိရပါတယ်။ အလားတူ စီးပွားဖြစ်မွေးမြူလာတာတွေလည်း ရှိပါတယ်။ အဲဒီလို မွေးမြူတဲ့နေရာမှာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် နည်းပညာတွေ ကုသခြင်းများကို မြေစမ်း၊ ခရမ်းပျိုးဆိုသလို ဆောင်ရွက်နေတာတွေလည်းရှိပါတယ်။ နည်းပညာများ ပံ့ပိုးခြင်း၊ ကုသမှုတွေ ထိထိရောက်ရောက်ဆောင်ရွက်ပေးမယ်ဆိုရင် ပိုမိုအောင်မြင်လာမှာဖြစ်ပါတယ်။ ဥပမာ- ကျွန်တော်တို့မကွေးတိုင်းအတွင်းမှာ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်တွေမှာ သိုးနှင့်ဆိတ်ကို ကျယ်ကျယ်ပြန့်ပြန့် မွေးမြူနေပြီဖြစ်ပါတယ်။ ဒီလိုဒေသတွေမှာ နည်းပညာတွေပံ့ပိုးမယ်၊ ထိရောက်တဲ့ ကုသမှုတွေ ဆောင်ရွက်ပေးမယ်ဆိုရင် တိုင်းပြည်အတွက်ရော၊ လုပ်ငန်းရှင်တွေအတွက်ပါ အကျိုးရှိမှာဖြစ်ပါတယ်။ သို့သော်လည်း ယနေ့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများဟာ နယ်တွေ၊ ရွာတွေဆင်းပြီး ကုသခြင်း၊ အသိပညာပေးခြင်း လွန်စွာအားနည်းနေတာကို တွေ့ရှိရပါတယ်။ မွေးမြူရေးခြံတစ်ခြံမှာ ကူးစက်ရောဂါများကျရောက်လျှင် သိန်းဆယ်နှင့်ချီ၊ ရာနှင့်ချီ ဆုံးရှုံးနေတာကိုလည်း တွေ့ရပါတယ်။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ အခန်း(၃)ပုဒ်မ ၅ ပုဒ်မခွဲငယ်(င)မှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာနှင့် သွင်းအားစုတို့ကို ပံ့ပိုးကူညီခြင်း၊ သုတေသနလုပ်ငန်းများ ထူထောင်ခြင်းနှင့် အားပေးခြင်းဟု ပါရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံ့အတွက်လည်း ကုန်ရကျိုးနပ်အောင် တောင်သူလယ်သမားများနှင့် မွေးမြူရေးလုပ်ငန်းရှင်များလည်း အကျိုးရှိအောင် မေမြန်းလိုသည်မှာ အမြို့မြို့အနယ်နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများက ဦးဆောင်၍ မွေးမြူရေးလုပ်ငန်းရှင်များ၊ တောင်သူဦးကြီးများအား အသိပညာပေးခြင်းနှင့် မွေးမြူထားသော ကျွဲ/နွား၊ အိမ်မွေးတိရစ္ဆာန်များအား ထိရောက်စွာကုသပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် တောင်သူဦးကြီးများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ ပြည်သူအများစု အသက်မွေးဝမ်းကျောင်းပြုနေတဲ့ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံကျတဲ့တောင်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းပြီးတော့ မိမိတို့ဝန်ကြီးဌာနအနေနဲ့ အထူးသဖြင့် မွေးမြူရေးကဏ္ဍကိုလည်းပဲ ဖွံ့ဖြိုးတိုးတက်စေဖို့ အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ မွေးမြူရေးနည်းပညာရပ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထူးသဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိုးချဲ့ပညာပေးရေးလုပ်ငန်းများကိုလည်းပဲ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရေးအတွက် အားထုတ်ကြိုးပမ်းလျက်ရှိပါတယ်။ မွေးမြူရေး

တိုးချဲ့ပညာပေးရေးအတွက် မွေးမြူရေးလက်ကမ်းစာစောင်များကို ရိုက်နှိပ်ပြီး တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုမှာရှိတဲ့ မြို့နယ် ၃၃၀ ရှိ ကျေးရွာအုပ်စုများကိုလည်းပဲ ဖြန့်ဝေဆောင်ရွက်ထားမှုရှိပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် ဒုတိယဦးစီးမှူးများအနေနဲ့လည်းပဲ ကွင်းဆင်းပြီး လက်ကမ်းစာစောင်ဖြန့်ဝေရန်နှင့် ရည်ရွယ်ချက်တွေ၊ စာစောင်ပါတစ်ခုချင်းရဲ့ မွေးမြူရေးဆိုင်ရာအချက်များနှင့် ရောဂါကာကွယ်ခြင်းဆိုင်ရာ နည်းလမ်းတွေကိုလည်းပဲ အသိပညာပေးဟောပြောပွဲများလည်း ပြုလုပ်ပေးလျက်ရှိပါတယ်။

အလားတူ ကျေးရွာအုပ်စု၊ စာကြည့်တိုက် သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွေမှာလည်းပဲ မွေးမြူရေးလုပ်ငန်း စိတ်ပါဝင်စားသူတောင်သူများ လေ့လာဖတ်ရှုနိုင်ဖို့အတွက် လိုအပ်တဲ့ပညာပေးစာစောင်များကိုလည်းပဲ မိမိတို့တတ်စွမ်းနိုင်သမျှ စီစဉ်ဆောင်ရွက်ပေးထားမှုရှိပါတယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)အနေနဲ့လည်းပဲ အဆင့်ဆင့်သော အရာရှိများကနေပြီးတော့ အခါအားလျော်စွာ ခရိုင်များအခြေစိုက်ရာမြို့များကိုစေလွှတ်ပြီး ပညာပေးဟောပြောမှုများကိုလည်းပဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဌာနတွင်းဝန်ထမ်းများကို သင်တန်းဖွင့်လှစ်ပို့ချပေးခဲ့လျက်ရှိသလို အရပ်သားသင်တန်းများကိုလည်း ပြည်နယ်/တိုင်းဒေသကြီးတွေမှာရှိတဲ့ ဒေသခံပြည်သူများအတွက် သင်တန်းအမျိုးအစား ၁၉ မျိုးကိုလည်းပဲ ဖွင့်လှစ်ပို့ချမှုရှိပါတယ်။ ယခု ၂၀၁၇ ခုနှစ်၊ ဧပြီလကနေပြီးတော့ နိုဝင်ဘာလအထိ ဌာနတွင်းသင်တန်းများ ၂၄ ခုကို လည်း ပြည်နယ်/တိုင်းဒေသကြီးတွေမှာ သင်တန်း ၂၈ ခုဖွင့်လှစ်ပို့ချခဲ့မှုရှိပါတယ်။ ဦးစီးဌာနအနေနဲ့ ဖွင့်လှစ်တဲ့ မွေးမြူရေးဆိုင်ရာနည်းပညာသင်တန်းများကို တက်ရောက်နိုင်ရန်အတွက်ကိုလည်းပဲ နိုင်ငံပိုင်သတင်းစာများနှင့် ရေဒီယိုများမှာ ကြော်ငြာများထည့်သွင်းဖိတ်ခေါ်မှုများလည်း ရှိပါတယ်။ လက်ရှိအခြေအနေမှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်ပေါင်း ၃၃၀ မှာ နယ်ဝန်ထမ်းပေါင်း ၂၇၀၀ ကျော်သာရှိပါတယ်။ ဒီလိုအရေအတွက်ပမာဏသာ ခန့်ထားဆောင်ရွက်ရလျက်ရှိတဲ့အတွက် လုပ်ငန်းပမာဏနှင့် ဝန်ထမ်းအင်အား အချိုးမညီနိုင်မှုတွေလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ယခင်က ဒီပလိုမာသင်တန်း ၁၀ လသင်တန်းပို့ချပြီး သင်တန်းသားဦးရေ ၄၀၀ ကျော်ကို သင်တန်းများပို့ချမွေးထုတ်ပေးပြီးတော့ မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများကိုလည်းပဲ ဆောင်ရွက်နိုင်ဖို့အတွက် တစ်တပ်တစ်အားဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။ သို့သော်လည်းပဲ အကြောင်းကြောင်းကြောင့် အဆိုပါသင်တန်းလည်း ရပ်ဆိုင်းထားခဲ့ပြီး ဖြစ်ပါတယ်။ တိရစ္ဆာန်ကျန်းမာရေး အသိပညာပေးလုပ်ငန်းတွေကို မိမိတင်ပြခဲ့သလို ရေဒီယို၊ သတင်းစာ၊ ဂျာနယ်များမှ အခါမလပ် ကြော်ငြာပေးလျက်ရှိပြီး ပြည်သူတွေ အမှန်တကယ်သိချင်တဲ့ ကိစ္စရပ်များကိုလည်းပဲ မိမိတို့ရုံးချုပ်မှာဖွဲ့စည်းထားတဲ့ ပညာပေးအဖွဲ့များကနေ ပြည်သူများကို အသိပညာပေး စီမံဆောင်ရွက်လျက်ရှိတဲ့အတွက် ကြောင့်မို့လို့ အခါမလပ် မိမိတို့ရဲ့ရုံးချုပ်ကို ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ အခုလိုမေးခွန်းမျိုးကို ဖြေတဲ့အခါမှာ ခုနလို စာစောင်တွေ ဖြန့်ဝေတယ်၊ သင်တန်းတွေ ဘယ်နှစ်ကြိမ်ပေးပြီးပြီ။ ပြီးတယ်ဆို ကျွန်တော်တို့ဟာ ကိုယ်စားလှယ်တွေ မြင်သာထင်သာသွားအောင် တိုင်းပြည်လည်း အများပြည်သူပွင့်လင်းမြင်သာစွာသိသွားအောင်

ကိုယ်စားလှယ်တွေ Power Point ထိုးပြီးပြသလို တစ်ကွက်၊ နှစ်ကွက်၊ သုံးကွက်၊ လေးကွက် အထောက်အထားလေးကို ခိုင်လုံအောင်ပြလိုက်စေချင်တယ်။ အခုတော့ ဖြေကြားတဲ့ဟာပဲရှိတယ်။ ခုနလို စာစောင်ဖြန့်တယ်ဆိုတာလည်း မပေါ်လွင်ဘူး။ နောက်တစ်ခုကလည်း သင်တန်းတွေပေးတယ်ဆိုတာလည်း အကြိမ်ပေါင်းများစွာပေးတယ်ဆိုတာလည်း အကြိမ်ပေါင်းများစွာသာပေးတယ်ပြောပါတယ်။ သင်တန်းပေးတာလည်း ဘယ်သင်တန်းပဲလို့ တစ်ခုမှလည်း မတွေ့လိုက်ရဘူး။ ဒါတစ်ခု။ နောက်တစ်ခု ခုနလို ဒီဟာက နယ်တွေမှာဖြစ်နေတဲ့အခါကျတော့ နယ်တွေကသိချင်လို့မေးတဲ့အခါမှာ ကျွန်တော်တို့က ဒီလိုလုပ်ပြတယ်။ ဒီလိုပေးထားတယ်ဆိုရင် ကောင်းတာပေါ့။ ဒါပေမဲ့ ခုနလို ကျွန်တော်တို့ရုံးချုပ်ကို မေးပါဆိုတော့ တစ်နိုင်ငံလုံးအတိုင်းအတာက ရုံးချုပ်ကိုပေါက်ရောက်တဲ့သူ၊ အဆက်အသွယ်ရှိတဲ့သူ ရှိချင်မှရှိမယ်။ ဒါလေးကိုလည်း ပြန်ပြီးတော့ သုံးသပ်စေချင်တယ်။

**မြန်မာနိုင်ငံ၏ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူဝါဒများချမှတ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်းတို့အပါအဝင် လိုအပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှဒေသမှာ ဒုတိယအကြီးဆုံးဖြစ်ပါတယ်။ ကမ်းရိုးတန်းက ၂၈၃၂ ကီလိုမီတာရှိပါတယ်။ မြစ်ကြီးလေးသွယ်၊ ချောင်းမြောင်း၊ မြစ်လက်တက်များစွာရှိတယ်။ ဒါကိုပြောရတာ အရင်တုန်းကဆိုရင်တော့ ရေငန်ငါးတွေ၊ ရေချိုငါးတွေ အလျှံပယ်ပေါများခဲ့တဲ့အနေအထား ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ ကမ္ဘာ့ရာသီဥတုက ပြောင်းလဲတယ်။ ငါးဖမ်းတဲ့ နည်းစနစ်တွေကလည်း တိုးတက်လာတယ်။ ငါးတွေလည်း အလွန်အကျွံဖမ်းလာတာတွေ ဖြစ်လာတဲ့အခါကျတော့ ငါးဖမ်းတဲ့လုပ်ငန်းကနေပြီးတော့ ရေသယံဇာတရရှိမှုက နည်းလာပါတယ်။ နည်းလာတဲ့အခါကျတော့ ငါးမွေးမြူရေးလုပ်ငန်းကိုပဲ ဦးစားပေးပြီးတော့ လုပ်လာကြပါတယ်။ လောလောဆယ်မှာဆိုရင် မြန်မာနိုင်ငံမှာ ငါးမွေးမြူထားတဲ့ဧကပေါင်း ၄၈၀၀၀၀ ရှိပါတယ်။ ကျွန်တော်တို့တွံတေးမြို့ကတော့ ဧက ၃၇၀၀၀ ကျော်လောက်ရှိပါတယ်။ အဲဒါ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာတော့ ကျွန်တော်တို့မြို့နယ်ဟာ အများဆုံးပါပဲ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့မြို့နယ်ကရော တစ်ပြည်လုံးက ငါးလုပ်ငန်းရှင်တွေ၊ သူတို့ကို မှီတည်ပြီးတော့ ရပ်တည်နေကြတဲ့ ပြည်သူအားလုံး ၃.၅ သန်းလောက်ရှိပါတယ်။ အဲဒါတွေရယ်၊ နောက်ပြီးတော့ မြန်မာနိုင်ငံ နိုင်ငံခြားဝင်ငွေတိုးတက်ရရှိဖို့ဆိုတဲ့ အဲဒီရည်ရွယ်ချက်တွေနဲ့ ကျွန်တော်က ဒီမေးခွန်းကို မေးမှာဖြစ်ပါတယ်။ အဲဒီတော့ အရင်တုန်းက မြန်မာပြည်မှာ ရေကြီးရေနက်ကွင်းတွေရှိပါတယ်။ စပါးတွေလည်း စိုက်လို့မရပါဘူး။ အဲဒါတွေကျတော့ တောင်သူတွေက ငါးတွေပြောင်းပြီးတော့ မွေးပါတယ်။ မွေးပေမဲ့ ရှင်းရှင်းပြောလို့ရှိရင်တော့ နိုင်ငံတော်အစိုးရအဆက်ဆက်က လယ်ယာစိုက်ပျိုးရေးကိုပဲ အဓိကထားခဲ့အခါကျတော့ ငါးလုပ်ငန်းရှင်တွေအပေါ်မှာ အမြင်ကသိပ်ပြီးတော့ မကောင်းခဲ့ပါဘူး။ အဲဒါကြောင့်မို့လို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ

လက်ထက်က ၁၉၈၅-၁၉၈၆ ခုနှစ်လောက်ကဆိုရင် ခရမ်း၊ တိုက်ကြီး၊ တွံတေးက ငါးမွေးမြူရေး လုပ်ငန်းရှင် ၂၅၀ လောက်ကို ထောင်ဒဏ်ချမှတ်ခဲ့တာတွေ ရှိပါတယ်။ ဒါပေမဲ့ ၁၉၈၉ ခုနှစ်မှာတော့ တက်လာတဲ့ တပ်မတော်အစိုးရက မူဝါဒပြောင်းပြီးတော့ ငါးလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ဖြေလျှော့မှု တွေလုပ်ပေးခဲ့ပါတယ်။ လုပ်ပေးခဲ့တဲ့အခါကျတော့ အဲဒီမှာ ငါးမွေးမြူရေးလုပ်ငန်းတွေ တိုးတက်လာပါ တယ်။ အခုချိန်မှာတော့ ဧက ၄၈၀၀၀၀ လောက်ရှိပါတယ်။ ဒါပေမဲ့ ပြဿနာက လောလောဆယ်မှာ ဧက ၁၁၀၀၀၀ လောက်ပဲ လ.န.ရ(၃၉)လို့ခေါ်တဲ့ လယ်ယာမြေအခြားနည်းနဲ့သုံးစွဲခွင့်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျန်တဲ့ငါးလုပ်ငန်းရှင်တွေက ဒီလ.န.ရ(၃၉)မရှိတဲ့အခါကျတော့ ဘဏ်တွေကနေပြီး တော့လည်း ငွေချေးလို့မရ။ သူတို့မှာ ရာဇဝတ်ကောင်တွေလို ဆက်ဆံခံနေရတဲ့ အနေအထားတွေ ရှိပါ တယ်။ အဲဒီတော့ အကျိုးဆက်က ဘာဖြစ်လဲဆိုတဲ့အခါကျတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၊ မြေစာရင်းဦးစီးဌာနတို့၊ ငါးလုပ်ငန်းဦးစီးဌာနတို့က ငွေလိုတိုင်း လာနှိုက်တဲ့လုပ်ငန်း၊ နှိုက်တိုင်းလည်း ရတဲ့လုပ်ငန်းလို ဖြစ်နေပါတယ်။ ငါးလုပ်ငန်းရှင်တွေအနေနဲ့ အများကြီးသွားပြီးတော့ သူတို့နဲ့ထိတွေ့ တဲ့အခါ သူတို့ပေးတဲ့ဥပမာတွေကတော့ ကဏန်းညှပ်ခံရပြီးတော့ အော်လည်းမအော်ရဲဘဲနဲ့ ကြိတ်ခံနေ ရတဲ့ အနေအထားမျိုး ဖြစ်နေပါတယ်။ တကယ်တော့ နိုင်ငံတော်ကလည်း အခွန်ငွေ ထိုက်ထိုက် တန်တန်မရပါဘူး။ ငါးလုပ်ငန်းရှင်တွေကလည်း အကြွေးတွေထူပြီးတော့၊ ငါးကြီးတွေ အကြီးကြီး သိန်းထောင်နဲ့သာချီပြီးတော့ လည်ပတ်နေပေမဲ့ သူတို့ရဲ့အကြွေးတွေကလည်း သိန်းထောင်နဲ့ ချီပြီးတော့ ရှိနေပါတယ်။ တကယ်တော့ နိုင်ငံတော်လည်း အလုပ်မဖြစ်၊ ငါးမွေးမြူရေးလုပ်ငန်းရှင် လည်း အလုပ်မဖြစ်ဘဲနဲ့ ကြားထဲက အကျင့်ပျက်ခြစားတဲ့ဝန်ထမ်းတွေက တိုက်ဆောက်၊ ကားစီးနေတဲ့ အနေအထားရှိပါတယ်။ အဲဒီတော့ ကျွန်တော်ဒီမှာ အနေအထားလေးတစ်ခုကို နှိုင်းယှဉ်ပြီးတော့ ဖော်ပြ ချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ငါးမွေးမြူရေးလုပ်ငန်းကို စလုပ်တာ ၁၉၅၃ ခုနှစ်၊ ၁၉၇၀ ခုနှစ်မှာ စီးပွားဖြစ်လုပ်ပါတယ်။ အဲဒီတော့ ဗီယက်နမ်က ၁၉၇၅ ခုနှစ်မှာ စစ်ပွဲပြီးပါတယ်။ ဒါပေမဲ့ ဘယ်လို ကွာနေလဲဆိုတော့ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ငါးမွေးမြူရေးလုပ်ငန်းကနေပြီးတော့ ရရှိတဲ့ဝင်ငွေ က မြန်မာနိုင်ငံက ဒေါ်လာ ၆၀၅ သန်းပဲ ရပါတယ်။ အဲဒီအချိန်မှာ ဗီယက်နမ်က ဒေါ်လာသန်း ၇၁၀၀ ရပါတယ်။ ထိုင်းက သန်း ၇၅၀၀ ရပါတယ်။ နောက်တစ်ခါ ၂၀၂၀ ခုနှစ်မှာ သူတို့မှန်းထားတာက သန်း ၁၁၀၀၀ လောက် မှန်းထားပါတယ်။ အဲဒီတော့ ထိုင်းက သန်း ၁၂၀၀၀ လောက်ကို မှန်းထားပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံရဲ့မူဝါဒပေါ့။ မြေအသုံးချရေးမူဝါဒနှင့်ပတ်သက်ပြီးတော့ ပြောင်းလဲဖို့ အတွက် နိုင်ငံတော်အစိုးရမှာ အစီအစဉ်ရှိ/မရှိဆိုတာကို ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန် တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်ရဲ့ မြန်မာနိုင်ငံရဲ့ ငါး၊

ပုစွန်မွေးမြူရေးလုပ်ငန်း အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ရှင်းလင်းပြတ်သားတဲ့ မူဝါဒများ ချမှတ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ခြင်း၊ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်းတို့အပါအဝင် လိုအပ်သောအရေးယူဆောင်ရွက်မှုများအား ဖြစ်နိုင်သမျှ အမြန်ဆုံးပြုလုပ်ပေးဖို့ အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးလုပ်ငန်းဆိုင်ရာဥပဒေများဖြစ်တဲ့ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ(၁၁/၁၉၈၉)၊ ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ(၂၄/၁၉၈၉)၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ(၉/၁၉၉၀)၊ ရေချိုငါးလုပ်ငန်းဥပဒေ(၁/၁၉၉၁)တို့ကို ပြဋ္ဌာန်းထားရှိပြီးတော့ ဥပဒေနှင့်အညီ ငါးလုပ်ငန်းတွေစီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနဲ့ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနဲ့ ထုတ်ပြန်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ပြောင်းလဲဖြစ်ပေါ်နေတဲ့ အခြေအနေတွေနဲ့ ကိုက်ညီစေဖို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီစေဖို့၊ ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်များအကြား ဥပဒေပြုအာဏာ အငြင်းပွားမှုမရှိစေဖို့အတွက် ရေချိုငါးလုပ်ငန်းဥပဒေကိုလည်းပဲ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကို လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေနဲ့လည်း မိမိတို့ဒေသအလိုက် ရေချိုငါးလုပ်ငန်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းထားပြီးတော့ မိမိတို့ရဲ့သက်ဆိုင်ရာအလိုက် ကြီးကြပ်ကွပ်ကဲစီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ နှင့် ပုဒ်မ ၉၈ တို့အရ ပြည်ထောင်စုမှ နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေနှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေတို့ကိုရုပ်သိမ်းပြီးတော့ ပင်လယ်ငါးလုပ်ငန်းဥပဒေ(မူကြမ်း) အဖြစ်လည်းကောင်း၊ ငါးမွေးမြူခြင်းဆိုင်ရာဥပဒေအား ရုပ်သိမ်းပြီး ငါးမွေးမြူရေးဆိုင်ရာဥပဒေ(မူကြမ်း)အဖြစ်လည်းကောင်း အသစ်ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ဖို့အတွက် ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ ကမ္ဘာ့စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့(FAO)၊ အရှေ့တောင်အာရှငါးလုပ်ငန်းဖွံ့ဖြိုးမှုဗဟိုဌာန(SEAFDEC)၊ အာရှပစိဖိတ်ဒေသရေသတ္တဝါမွေးမြူရေးကွန်ရက်(NACA)၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ဖို့အတွက် ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)စတဲ့ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး နိုင်ငံတကာစံနှုန်းများအညီဖြစ်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ပြောင်းလာတဲ့ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်တွေနဲ့အညီ ခေတ်နဲ့လည်းလိုက်လျောညီထွေ ဖြစ်စေပြီး လက်တွေ့ကျကျလိုက်နာဆောင်ရွက်နိုင်မယ့် ငါးလုပ်ငန်းဆိုင်ရာဥပဒေများဖြစ်ရေးအတွက် တည်ဆဲငါးလုပ်ငန်းဥပဒေများ သို့မဟုတ် ခေတ်နှင့်အညီ ပြုပြင်ရေးဆွဲထားတဲ့ငါးလုပ်ငန်းဆိုင်ရာဥပဒေများကို နိုင်ငံတကာပြဋ္ဌာန်းချက်များနှင့်အညီ လိုက်လျောညီထွေဖြစ်စေဖို့အတွက် ငါးကဏ္ဍရဲ့လုပ်ငန်းစဉ်များမှာ ထည့်သွင်းရေးဆွဲထားတဲ့အပြင် ငါးလုပ်ငန်း

ဆိုင်ရာဥပဒေအသစ်များ ရေးဆွဲထားပြီး အဆင့်ဆင့်အကြံပြုချက်များနဲ့ ဆွေးနွေးဆောင်ရွက်ထားရှိပြီး လည်း ဖြစ်ပါတယ်။ ငါးမွေးမြူရေးဆိုင်ရာဥပဒေကြမ်းနဲ့ ပင်လယ်ငါးလုပ်ငန်းဥပဒေ(မူကြမ်း)တို့ကို မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံး ရဲ့အပြီးသတ်စိစစ်အကြံပြုချက် ရရှိရေးအတွက် ပေးပို့ခဲ့ရာမှာ ယခု ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ အကြံပြုချက်များရရှိပြီးဖြစ်တဲ့အတွက် အဆိုပါ အကြံပြုချက်များအတိုင်း ပြင်ဆင်ရေးဆွဲ လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းတွေဟာ နိုင်ငံတော်ရဲ့စားနပ်ရိက္ခာဖူလုံရေး အတွက် တစ်ဖက်တစ်လမ်းက အကျိုးပြုတဲ့လုပ်ငန်းလည်း ဖြစ်ပါတယ်။ ငါး၊ ပုစွန်ကန်တွေကို လယ်ယာမြေပေါ်မှာ ဆောင်ရွက်တဲ့အခါမှာတော့ လယ်ယာမြေဥပဒေနဲ့အညီ ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၂(ဆ)မှာ လယ်ယာမြေပေါ်မှာ ခွင့်ပြုမိန့်မရဘဲ အခြားနည်းသုံးစွဲခြင်းမပြုရလို့ပြဋ္ဌာန်းထားတဲ့အတွက် ငါး၊ ပုစွန်ကန်တွေဟာ လယ်ယာမြေပေါ်မှာ တူးဖော်ရန်ဖြစ်မယ်ဆိုရင်တော့ ဥပဒေနှင့်အညီ အခြားနည်း သုံးစွဲလျှောက်ထားဖို့အတွက် လိုအပ်မှာ ဖြစ်ပါတယ်။ ယခင်ကတည်းက ငါးကန်၊ ပုစွန်ကန်တွေ တူးဖော်ခဲ့ပြီးတော့ လယ်ယာမြေအခြားနည်းသုံးစွဲဖို့ ခွင့်ပြုမိန့်မရသေးတဲ့ ငါး၊ ပုစွန်ကန်များနဲ့ပတ်သက် ပြီးတော့လည်းပဲ တစ်ဖက်က စဉ်စားဆောင်ရွက်ပေးရတာမျိုးလည်းရှိပါတယ်။ ဒီနေရာမှာ ဥပဒေနှင့် အညီဖြစ်စေဖို့အတွက် ဒဏ်ကြေးပေးသွင်းစေပြီးတော့ ခွင့်ပြုသွားဖို့စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်းပဲ ပုစွန်၊ ငါးကန်များလုပ်ကိုင်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေဖို့နဲ့ နိုင်ငံတော်ကလည်းပဲ ဘဏ္ဍာငွေဖြည့်ဆည်းပေးနိုင်ရေးအတွက် သင့်တင့်မျှတပြီး ထိုက်သင့်တဲ့ဒဏ်ကြေးသတ်မှတ်နိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ များထံက အကြံဉာဏ်များကိုလည်း ရယူထားပြီးဖြစ်တဲ့အလျောက် ယင်းရရှိလာတဲ့ အကြံပြုချက်တွေ အပေါ်မှာ စုစည်းသုံးသပ်ပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအစည်းအဝေးမှာ တင်ပြဆွေးနွေးပြီးလည်း ဖြစ်ပါတယ်။ ယင်းဆွေးနွေးညှိနှိုင်း ချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူပြီး မကြာမီမှာ အဆိုပါလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်တဲ့ အခြေအနေဖြစ်ပါ ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မိုက်ပေးပါ။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါ။ ကျွန်တော် လွန်ခဲ့တဲ့ ၃၆ နှစ်က ကျောင်းအုပ်ဆရာသွားလုပ်တဲ့ ရွာလေးတစ်ရွာရှိပါတယ်။ အဲဒီက ရေနက်ကွင်းမှာ အဲဒီတုန်းက သူတို့က သရက်စိုက်တယ်။ ငှက်ပျောစိုက်တယ်။ သင်္ဘောစိုက်တယ်။ အဲဒီနောက်ပိုင်းမှာ အလုပ်မဖြစ်တဲ့အခါကျတော့ ငါးလေးတွေ စမွေးတယ်။ ငါးမွေးတဲ့အခါကျတော့ လက်ရှိအခြေအနေနဲ့ ပတ်သက်ပြီးတော့ အဲဒီရွာလေးရဲ့အခြေအနေကို ကျွန်တော် Power Point လေးနဲ့ တင်ပြချင်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါက ကရင်ကျောင်းဆိုတဲ့ရွာလေးရဲ့အခြေအနေပါ။ ဒီမှာ နိုင်ငံတော်အစိုးရက ပံ့ပိုးတာ သိပ်မရှိပါဘူး။ ကိုယ်ထူကိုယ်ထနဲ့ပါ။ ဒါ တိုက်နယ်ဆေးရုံပါ။ စင်ကာပူနဲ့ ဆက်စပ်ပြီးတော့ စိုက်ပေးတာပါ။ ဒါအဲဒီကျေးရွာရဲ့ကျေးရွာခန်းမလေးပါ။ ဒါက အဲဒီကျေးရွာက ဗုဒ္ဓဘာသာဝင်တွေအများစုဖြစ်တဲ့အတွက် သူတို့တည်ထားတဲ့ စေတီဖြစ်ပါတယ်။ ဒါကတော့ အဲဒီကျေးရွာလေး၊ ကရင်ကျောင်းကျေးရွာလေးရဲ့ဆောက်ထားတဲ့ တန်းစောင်းနဲ့ ဓမ္မာရုံ ဖြစ်ပါတယ်။ ဒါတွေက အိမ်တွေပါ။ သူတို့ရဲ့ရွာထဲက အိမ်တွေပါ။ အဲဒီတော့ ဒီရွာလေးက ဒီလို လ.န.ရ(၃၉)မရဘဲနဲ့တော့ အဲဒီလိုလုပ်ကိုင်လာခဲ့တာပါ။ ဒါပေမဲ့ ဒီလောက်အထိ ဒီလိုဖြစ်ထွန်းလာခဲ့တယ်ဆိုတာ ဒါ နိုင်ငံတော်အတွက်အများကြီးအကျိုးဖြစ်ထွန်းပါတယ်။ ကျေးရွာထဲမှာ လမ်းတွေလည်း သူတို့ ကိုယ်ထူကိုယ်ထ ဖောက်ထားတာတွေ အများကြီးရှိပါတယ်။ အဲဒီတော့ ဒီမှာကျွန်တော်က ဝန်ကြီးဌာနကို ဆက်စပ်ပြီးတော့ မေးချင်တာက တချို့သောကိစ္စတွေမှာ မြန်မြန်ဆန်ဆန်လေးလုပ်ပေးနိုင်ဖို့ လိုပါတယ်။ ဥပမာဆိုပါတော့။ မော်တော်ဆိုင်ကယ်လိုင်စင်မဲ့တွေ လုပ်တယ်။ လိုင်စင်မဲ့တွေလုပ်တဲ့အခါမှာ နောက်ပိုင်းမှာ လိုင်စင်မဲ့တွေကျတော့ ပြဿနာတွေဖြစ်တဲ့အခါ လိုင်စင်တွေလုပ်ပေးတဲ့အခါ နိုင်ငံတော်လည်း ဝင်ငွေအများကြီးရပါတယ်။ အဲဒီတော့ ပြည်သူပြည်သားတွေလည်း လုံလုံခြုံခြုံစီးလို့ရပါတယ်။ နောက်တစ်ခါ ကျွဲ၊ နွား နိုင်ငံခြားတင်ပို့တဲ့ကိစ္စတွေ။ ခိုးပြီးတော့ တင်ပို့နေတယ်။ အများကြီးဆုံးရှုံးတယ်။ နိုင်ငံတော်က။ နောက်ပိုင်းမှာ ဥပဒေပြောင်းပြီးတော့ တရားဝင်တင်ပို့လိုက်တဲ့အခါမှာ နိုင်ငံတော်လည်း ဝင်ငွေတွေ အများကြီးရလာပါတယ်။ အဲဒီတော့ မူဝါဒတွေပေါ့။ အခုကိစ္စကတော့ လေ့လာကြည့်တဲ့အခါမှာ မူဝါဒ Crisis ပါ။ ဒါကြောင့်မို့လို့ မူဝါဒတိတိကျကျပြောင်းလဲနိုင်ဖို့အတွက် ဝန်ကြီးဌာနအနေနဲ့ပေါ့။ စောင့်မျှော်နေဖြစ်ပါတယ်။ ဘယ်တော့လောက်ကို အမြန်ဆုံးဒီလိုမူဝါဒတွေပြောင်းလဲပြီးတော့ ကန်လုပ်ငန်းရှင်တွေကို လ.န.ရ(၃၉)၊ လ.ရ(၃၀)နဲ့ပတ်သက်ပြီးတော့ လုပ်ပေးနိုင်မယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ထပ်မံပြီးတော့ သိလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ကျေးဇူးတင်ပါတယ်။ ဦးမြင့်လွင် နမူနာပြသွားတဲ့ ကရင်ကျောင်းကျေးရွာ။ ကျွန်တော့်အမျိုးတွေလည်း ရှိပါတယ်။ ကျွန်တော် အဲဒီနယ်သားပါ။ ဆိုတော့ ငါးကန်တွေအပေါ်မှာ အခြေပြုပြီးတော့ သူတို့ရဲ့လူမှုစီးပွားရေးဘဝ တော်တော်လေးတိုးတက်လာခဲ့တာ ဒါမျက်မြင်အထင်အရှားပါပဲ။ သို့သော်လည်းပဲ အရင်ကာလက ကျွန်တော်တို့တွေဖြေကြားချက်ထဲမှာပါသလိုပေါ့။ အခြားနည်းသုံးစွဲဖို့အတွက် အချို့ဆိုလို့ရှိရင်လည်းပဲ ဆောင်ရွက်ရကောင်းမှန်းမသိတဲ့ ကိစ္စတွေလည်းပါသလို၊ ဆောင်ရွက်ဖို့အခြေအနေမပေးခဲ့တဲ့ အနေအထားမျိုးလည်းရှိခဲ့ပါတယ်။ အဲဒီတော့ ဦးမြင့်လွင်အနေနဲ့ ဘာပဲပြောပြော ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဝမ်းလည်း ဝမ်းသာပါတယ်။ မကြာခင်အချိန်ကာလမှာ ကျွန်တော်တို့အားလုံးညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဥပဒေကြောင်းနဲ့ တရားဝင်ဆောင်ရွက်သွားနိုင်ဖို့အတွက် ဒေသရေမြေခြင်း တစ်ခုနဲ့တစ်ခု မတူပါဘူး။ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုနဲ့တစ်ခု မတူပါဘူး။ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး တစ်နေရာနဲ့တစ်နေရာ ငါးကန်တူးဖော်မှုနဲ့ပတ်သက်ပြီးတော့ အခြားနည်း

သုံးစွဲခွင့်ကို တရားဝင်ရရှိနိုင်ဖို့အတွက် သူတို့အတွက်ကို ထိုက်သင့်တဲ့တန်ကြေး၊ ထိုက်သင့်တဲ့ တန်ကြေးဆိုတာက ဝန်ဆောင်ပေးနိုင်မယ့် ငါးကန်လုပ်ငန်းပိုင်ရှင်တွေ သက်သာသောနှုန်းထားနဲ့ တစ်ဖက်ကလည်းပဲ နိုင်ငံတော်ရဲ့ဝင်ငွေကိုလည်းပဲ အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်မယ့် နှုန်းထားမျိုးဖြစ်ဖို့အတွက်ကို ကျွန်တော်တို့ မူသဘောအရ အပေါ်ကို တင်ပြထားပြီး ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ပြန်လည်ဖြေကြားရမယ်ဆိုရင် မကြာခင် ဒီနှစ်ပိုင်းအတွင်းမှာပဲ အခြားနည်းကို တရားဝင်သုံးစွဲလုပ်ပိုင်ခွင့်ရပြီးတော့ မိမိတို့ရဲ့ငါးမွေးမြူရေးလုပ်ငန်းတွေကို ရေရှည်စိတ်အေးချမ်းသာ စွာ ဆောင်ရွက်သွားနိုင်မယ့်အခြေအနေဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ကျွန်တော် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနဖြေသလို မကြာခင်ဒီနှစ်ပိုင်းအတွင်းမှာဆိုတဲ့ဟာကို အထူးအလေး အနက်ဂရုစိုက်ပေးပါ။ နို့မို့လို့ရှိရင် အခုနက ဝန်ကြီးပြောသွားတဲ့စကားအတိုင်းပြောမယ်ဆိုရင် ကိုယ့် အမျိုးတွေရှိလို့ ဒီနေရာမှာတော့ ဖြေလျှော့မှုတွေအများကြီးရှိပြီးတော့ တိုက်တွေရှိနေတာ ပေါ်တော့ မယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂-၂-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း ပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာ တင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် သထုံမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ဖြစ်ပါတယ်ရှင်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန် ပေးအပ်ချက်အရ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ လေးစားစွာတင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၁၀၅

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၂-၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ -၁) ၁/ ၂၀၁၈ - ၀၇၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၇-၁၁-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါတယ် -

(က) နိုင်ငံ့ဝန်ထမ်း (Civil Service Personnel)နှင့် ပြည်သူ့ဝန်ထမ်း (Public Servant)၏ အဓိပ္ပာယ်တို့မှာ သဘောသဘာဝမတူညီသဖြင့် ကွဲပြားခြားနားသည့်အင်္ဂါရပ်များကို ရှင်းလင်းစွာ ခွဲခြားသိရှိရန်၊

( ခ) ဝန်ထမ်းများခန့်ထားခြင်း၊ ဝန်ထမ်းများ၏ လစာ၊ စရိတ်၊ အငြိမ်းစားလစာနှင့် ခံစားခွင့်များကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျ အကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၅-၂-၂၀၁၈ ရက်(ကြာသပတေးနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာ

ဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ပါတယ်။ စိစစ်လေ့လာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်ရှင်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ရှင်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၁၀၅

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၂-၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ -၁) ၁/ ၂၀၁၈ - ၀၇၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၇-၁၁-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့က အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် -

(က) နိုင်ငံ့ဝန်ထမ်း (Civil Service Personnel)နှင့် ပြည်သူ့ဝန်ထမ်း (Public Servant)၏ အဓိပ္ပာယ်တို့မှာ သဘောသဘာဝမတူညီသဖြင့် ကွဲပြားခြားနားသည့် အင်္ဂါရပ်များကို ရှင်းလင်းစွာခွဲခြားသိရှိရန်၊

(ခ) ဝန်ထမ်းများခန့်ထားခြင်း၊ ဝန်ထမ်းများ၏ လစာ၊ စရိတ်၊ အငြိမ်းစား လစာနှင့် ခံစားခွင့်များကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျအကျိုးရှိ ထိရောက်စွာဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၅-၂-၂၀၁၈ ရက် ကြာသပတေးနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာ

ဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် ပြင်ဆင်သည့် အပိုဒ်ပေါင်း (၃) ပိုဒ် ပါရှိပါသည်။

( ခ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအနက် အချက်(၆)ချက်ကို သဘောတူ လက်ခံပါသည်။

( ဂ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်**

**ပြင်ဆင်သည့် ဥပဒေ**

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၈ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဃ) အပိုဒ် ၁ ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(င) အပိုဒ် ၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (စ)တွင်ပါရှိသော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

( စ) အပိုဒ် ၄ ရှိ ပုဒ်မ ၂ ပုဒ်မခွဲ(ည) ခြေဆင်းကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

(ည) ပြည်သူ့ဝန်ထမ်းဆိုသည်မှာ အစိုးရက ခန့်အပ်ထားသည်ဖြစ်စေ၊ မခန့်အပ် ထားသည်ဖြစ်စေ အောက်ပါပုဂ္ဂိုလ်များ ပါဝင်ပါသည်-

(ဆ) အပိုဒ် ၄ ရှိ ပုဒ်မ ၂ ပုဒ်မခွဲ(ည) ပုဒ်မခွဲငယ်(၄)ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

( ဇ) အပိုဒ် ၄ ရှိ ပုဒ်မ ၂ ပုဒ်မခွဲ(ည) ပုဒ်မခွဲငယ်(၅)ကို အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(၅) ရွေးကောက် တင်မြှောက် ခြင်းဖြင့်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ရွေးချယ် တာဝန်ပေးခံရသူ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သတ်မှတ်ထား

သောလုပ်ပိုင်ခွင့်ရှိသည့် ပြည်သူ့ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ၎င်းကဖွဲ့စည်းပေးသော အဖွဲ့အစည်းတွင် ပါဝင်သူများ၊ ၎င်းတို့၏ ကိုယ်စားလွှဲအပ်ခြင်းခံရသူများ သို့မဟုတ် ထပ်ဆင့်တာဝန်ပေးအပ်ခြင်းခံရသူများ၊

(ဈ) အပိုဒ် ၄ ရှိ ပုဒ်မ ၂ ပုဒ်မခွဲ(ည) ပုဒ်မခွဲငယ်(၉)ကို အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိပါသည်။

(ည) အပိုဒ် ၆ ကို အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိပါသည်။

(ဋ) အသစ်ဖြည့်စွက်ချက် အပိုဒ် ၇၄(ခ) ကို ပယ်ဖျက်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၃-၂-၂၀၁၈ ရက် (သောကြာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရန်နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းကို ၉-၂-၂၀၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၃-၂-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် (သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ (၂၁.၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



U Hla Kyaw




Dr Khin Soe Soe Kyi

pyithu.hluttaw.mm



U Hla Kyaw



Daw Aye Aye Mu

pyithu.hluttaw.mm



U Hla Kyaw




U WinWin

pyithu.hluttaw.mm



U Hla Kyaw




U Kyaw Htay

pyithu.hluttaw.mm



U Hla Kyaw




U Tun Tun

pyithu.hluttaw.mm



U Hla Kyaw




U Myint Lwin

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်